ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (26-11-2006) (၅၁၅၂)

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည့်စုံကြွယ်ဝလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအထွေထွေကို စုစည်းပေါင်းစပ်လျက် ခေတ်မီနည်းပညာများဖြင့် စံချိန်စံညွှန်းများဖော်ထုတ်ကာ အမျိုးသားတိုင်းရင်းဆေးပညာရပ်အဖြစ် မြှင့်တင် ပုဂ္ဂလိကခေတ်မီတိုင်းရင်းဆေး ထုတ်လုပ်မှုလုပ်ငန်းကြီးများ တိုးတက်ဖြစ်ထွန်းလာရန် စောင့်ရှောက်အားပေးလျက်ရှိ တိုင်းရင်းဆေးသမားတော်များ၏ အခန်းကဏ္ဍနှင့်ဂုဏ်သိက္ခာ ပိုမိုမြင့်မားထည်ဝါရေးအစီအမံများကို ဆောင်ရွက်ပေးနေ

ရန်ကုန်  နိုဝင်ဘာ  ၂၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည့် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ သဝဏ်လွှာပေးပို့သည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားရေးအတွက် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ယခင်အစဉ်အလာကောင်းများနှင့်အညီ သတ္တမအကြိမ်မြောက် အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**မိန့်ခွန်းပြောကြား**

**အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။**
(သတင်းစဉ်)

# နိုင်ငံ၏အချက်အချာဒေသဖြစ်သည့် နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး ပေါ်ထွန်းလာတော့မည် ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် တော်ဝင်နန်းထိုက်အဆင့်အတန်းကို ပြန်လည်ရောက်ရှိစပြု မြန်မာ့တိုင်းရင်းဆေးပညာကို သိပ္ပံနည်းကျစီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတကာသို့တိုင် အောင်မြင်ကျော်ကြားနိုင်

**ရန်ကုန်  နိုဝင်ဘာ  ၂၅**

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာပေးပို့ပြီး အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၆-၁၁-၂၀၀၆
(တနင်္ဂနွေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် လွတ်လပ်စွာ နေထိုင်လာခဲ့သော နိုင်ငံဖြစ်သည်။ ကျူးကျော်သူနယ်ချဲ့တို့က မြန်မာနိုင်ငံကို မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသည့် တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့၏ စွန့်လွှတ်စွန့်စား အသက်ပေး ကြိုးပမ်းမှုဖြင့် ဆုံးရှုံးသွားသည့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝကို ပြန်လည်ရယူနိုင်ခဲ့သည်။

ယင်းကဲ့သို့ သမိုင်းတွင် ကမ္ပည်းတင်ခဲ့ရသည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို နိုင်ငံသားတိုင်းက ထာဝစဉ်သတိရ တန်ဖိုးထားကြရမည်ဖြစ်သည်။ ဘိုးဘွားများ၏ အမွေအနှစ် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နိုင်ငံချစ်စိတ် မျိုးရိုးဗီဇအသိ၊ နိုးကြားတက်ကြွသောသတိဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီက အမျိုးသားရေးဦးတည်ချက်များအဖြစ်–

**(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊**

**(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသား အားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊**

**(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**

**(ဃ) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

တို့ကို ချမှတ်ပေးထားပြီးဖြစ်သည်။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များသည် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက ပစ္စုပ္ပန်မှသည် အနာဂတ်ကာလတိုင်သည်အထိ စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည် ဦးလည်မသုန် ထမ်းဆောင်သွားကြရမည့် အမျိုးသားရေးတာဝန်များဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် ဘိုးဘွားများ အသက်သွေးချွေးများစွာ ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေး၏ အနှစ်သာရနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတန်ဖိုးကို ထာဝစဉ် အလေးထားပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ပျူတာ၊ ပရင်တာနှင့် လေအေးပေးစက်များလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ပျူတာနှင့် ပရင်တာ ၁၀ စုံ၊ လေအေးပေးစက်ငါးလုံးနှင့် မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ နီကိုးကန်တော်ကြီးဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ပြည်ထောင်စု မြန်မာနိုင်ငံ တော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာကွမ်မုထံမှ အဆိုပါပစ္စည်းများအား လက်ခံသည်။ အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကွန်ပျူတာနှင့် ပရင်တာ ၁၀ စုံ၊ လေအေးပေးစက်ငါးလုံးနှင့် မိတ္တူကူးစက်တစ်လုံးကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးကျော်သူ လက်ခံစဉ်။** (သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနား အထက(၂)လသာ၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

**ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်းရှိ မြညီလာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မိဘဆရာအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်သဇင်နွယ်နှင့် နာယကများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် ဆရာမများ၊ ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိဘများ၊ ဆုရကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရွှေတံဆိပ်ဆုရှင် ကျောင်းသူလေးများက "မင်္ဂလာရှိသော မင်္ဂလာနေ့" တေးသီချင်းဖြင့် သီဆိုကပြ၍ ဖွင့်လှစ်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြင်ထွန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီးကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်းက ဆရာမများအား ဂုဏ်ပြုဆုငွေကျပ်ကိုးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအဆင့် ပထမရရှိသူ မအိအိလှိုင်၊ ဒုတိယရရှိသူ မမြသန္တာနှင့် တတိယရရှိသူ မချမ်းမြေ့မြေ့စိုးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေက မြန်မာတစ်နိုင်ငံလုံးအဆင့် ဆဋ္ဌမရရှိသူမမေသူခိုင်၊ နဝမရရှိသူ မဝင်းလဲ့ဖြူနှင့် ဒသမရရှိသူ မဇင်မာထွန်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ခြောက်ဘာသာနှင့် အောက် ဂုဏ်ထူးရရှိသူများအား လည်းကောင်း၊ မိဘဆရာအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်သဇင်နွယ်က ဘက်စုံပညာ ဘင်ခရာနှင့် တီးဝိုင်းထူးချွန် ကျောင်းသူလေးများအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြသည်။

(သတင်းစဉ်)

**လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅ – ၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာတစ်နိုင်ငံလုံးအဆင့် ပထမရရှိသူမအိအိလှိုင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# ပဋ္ဌာန်းတရားတော် ရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် (၂၃) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ရက်မှ ၂၅ရက်အထိ ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော သံဃာတော်များက ရွတ်ဖတ် ပူဇော်ကြမည်ဖြစ်ရာ ဆွမ်း၊ ဘောဇဉ်၊ အချိုရည် လှူဒါန်းလိုသူများ ဖုန်း– ၅၄၅၈၃၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်လှ တစ်နှစ်ပြည့် အထိမ်းအမှတ်အတွက် ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်းနေ ဦးမြင့်အောင်–ဒေါ်ခင်မြတ်နွယ်၊ သမီး ခိုင်ဇာလီမြင့်အောင်၊ သား ရဲဝင့်မြင့်အောင် မိသားစုက ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်သူရိယ (မြစ်ကျိုး)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာလူမျိုးများကို ကျန်းမာကြံ့ခိုင်ဉာဏ်ရည်မြင့်မားသော လူမျိုးများဖြစ်အောင် သမိုင်းအစဉ်အဆက် စောင့်ရှောက်မြှင့်တင်ပေးလာခဲ့သည့် အစွမ်းထက်မြက်သော ဆေးပညာရပ်တစ်ခုဖြစ်

☆ **ရှေ့ဖုံးမှ**

ဂုဏ်ပြုကြိုဆိုပါကြောင်း ဦးစွာပထမ ဖော်ပြလိုပါသည်။ ဤသို့သောကောင်းမြတ်သည့် မင်္ဂလာအခါသမယတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ကိုယ်စိတ်နှစ်ပါး ကြည်လင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံများတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စုံညီစွာ စုစည်းပေါင်းဆုံလျက် မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေး၊ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးရေးတို့အတွက် နှလုံးစိတ်ဝမ်းညီမျှစွာဖြင့် ပညာရပ်များ ဆွေးနွေးဖလှယ်နိုင်ကြခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာလောကအတွက်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ ထူးခြားကောင်းမွန်သည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာအတွေးခေါ်အယူအဆ၊ မြန်မာ့လူနေမှုစနစ်တို့နှင့် အပြန်အလှန်အကျိုးပြု ယှဉ်တွဲဖြစ်ထွန်းလာခဲ့သည့် မြန်မာ့ရိုးရာအမွေအနှစ်ပညာရပ်စစ်စစ်တစ်ရပ် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာလူမျိုးများကို ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်မြင့်မားသော လူမျိုးများဖြစ်လာစေရအောင် သမိုင်းအစဉ်အဆက် စောင့်ရှောက်မြှင့်တင်ပေးလာခဲ့သည့် အစွမ်းထက်မြက်သော ဆေးပညာရပ်တစ်ခုလည်းဖြစ်ပါသည်။

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်ဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအပြည့်အဝ စောင့်ရှောက်မှုပေးနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ်ဖြင့်သော်လည်းကောင်း၊ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားစေရအောင် အလေးထားအားပေး စောင့်ရှောက်နေခြင်းဖြစ်ပါသည်။

"အာရောဂျံ ပရမံ လာဘံ"ကျန်းမာခြင်းသည် လာဘ်တစ်ပါးပင်ဖြစ်ရာ ကျန်းမာကြံ့ခိုင်သော ပြည်သူတို့ကသာလျှင် နိုင်ငံ့အကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အမျိုးသားကျန်းမာရေး စီမံကိန်းများရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြှင့်တင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အခြေခံဆေးပညာရပ် အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးကုနည်းအသွယ်သွယ်၊ အာနိသင်ထက်မြက်သည့် ဆေးဝါးအရပ်ရပ်တို့ဖြင့် ပြည့်စုံကုံလုံပြီး ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့နက်နဲလှသည့် ပညာရပ်တစ်ခုဖြစ်ရာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မှသာလျှင် မတိမ်းပါးမပျက်ယွင်းဘဲ အရှည်တည်တံ့ထွန်းကားပြန့်ပွားနိုင်မည်ဖြစ်ပါသည်။

ဤသို့ ပြည့်စုံကြွယ်ဝလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အထွေထွေကို စုစည်းပေါင်းစပ်လျက် ခေတ်မီနည်းပညာရပ်များဖြင့် စံချိန်စံညွှန်းများ ဖော်ထုတ်ကာ ပြီးပြည့်စုံသည့် အမျိုးသားတိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းအားထုတ်ကြရန် လိုအပ်ပါသည်။

**မြန်မာ့တိုင်းရင်းဆေးပညာသည် အခြေခံဆေးပညာရပ် အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးကုနည်း အသွယ်သွယ်၊ အာနိသင်ထက်မြက်သည့် ဆေးဝါးအရပ်ရပ်တို့ဖြင့် ပြည့်စုံကုံလုံပြီး ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့နက်နဲလှသည့် ပညာရပ်တစ်ခုဖြစ်ရာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင် ပေးနိုင်မှသာလျှင် မတိမ်းပါးမပျက်ယွင်းဘဲ အရှည်တည်တံ့ထွန်းကား ပြန့်ပွားနိုင်မည်ဖြစ်။**

**ဤသို့ ပြည့်စုံကြွယ်ဝလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အထွေထွေကို စုစည်းပေါင်းစပ်လျက် ခေတ်မီနည်းပညာရပ်များဖြင့် စံချိန်စံညွှန်းများ ဖော်ထုတ်ကာ ပြီးပြည့်စုံသည့် အမျိုးသားတိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးအတွက် ဝိုင်းဝန်း အားထုတ်ကြရန် လိုအပ်။**

ယင်းမျှော်မှန်းချက်များနှင့်အညီ စံချိန်စံညွှန်းကိုက်ညီပြီး ဘေးအန္တရာယ် ကင်းရှင်းသည့် မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်သည့် ပုဂ္ဂလိက ခေတ်မီတိုင်းရင်းဆေးထုတ်လုပ်မှုလုပ်ငန်းကြီးများ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက စောင့်ရှောက်အားပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရ ဆေးသုတေသနဌာနများကလည်း အစွမ်းထက် တိုင်းရင်းဆေးဝါးများ၏ အာနိသင်နှင့် စံချိန်စံညွှန်းများကို သုတေသနပြု ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ နိုင်ငံအတွင်း အဖြစ်များသော ရောဂါများအတွက် အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ သုတေသနပြုထုတ်လုပ်ခြင်း၊ ပရဆေးဥယျာဉ်များ ထူထောင်ပြီး ဆေးဖက်ဝင် ပရဆေးပင်များ ထိန်းသိမ်းခြင်း၊ အနောက်တိုင်း ဆေးပညာဖြင့် ကုသ၍ မပျောက်ကင်းနိုင်သော ရောဂါများအတွက် ထိရောက်သည့် တိုင်းရင်းဆေးဝါးများနှင့် ကုထုံးများ ဖော်ထုတ်မြှင့်တင်ခြင်း၊ အနောက်တိုင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပေါင်းစပ်ကုသခြင်း စသည့် တိုင်းရင်းဆေးပညာ သိပ္ပံနည်းကျ တိုးတက်ဖြစ်ထွန်းရေး အစီအမံများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဆေးကျမ်းအထွေထွေ၊ ဆေးပညာအရပ်ရပ် နှံ့စပ်ကျွမ်းကျင်သော သမားတော်ကြီးများ ပြန်လည်ဖော်ထုတ်ခြင်း၊ သမားတော်ကြီးများအချင်းချင်း ဆွေးနွေးပညာဖလှယ်၍ တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးနည်းနာများ၊ တိုင်းရင်းဆေးဝါးများ ပြန်လည်ဖော်ထုတ်နိုင်မည့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း၊ ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများကို နှစ်စဉ်ကျင်းပပေးခြင်း စသည့်နည်းလမ်းအသွယ်သွယ်ဖြင့် တိုင်းရင်းဆေးသမားတော်များ၏ အခန်းကဏ္ဍနှင့် ဂုဏ်သိက္ခာ ပိုမိုမြင့်မားထည်ဝါစေရေး အစီအမံများကို နိုင်ငံတော်အစိုးရက အားပေးချီးမြှောက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက အားပေးချီးမြှောက်လျက်ရှိသည့်အလျောက် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်း ပြန်လည်မြင့်မားတောက်ကြွားလာမှု၊ တိုင်းရင်းသား ပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည် အားထားကိုးစားလာမှု၊ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် မြန်မာ့တိုင်းရင်းဆေးဆရာအသင်းကြီး ပေါ်ထွန်းလာမှု၊ ခေတ်မီတိုင်းရင်းဆေးဝါး လုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းနေမှု၊ အဆင့်မြင့် မြန်မာ့တိုင်းရင်းဆေးရုံကြီးများ၊ မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်နှင့် တိုင်းရင်းဆေး သုတေသန လုပ်ငန်းများ ပေါ်ထွန်းလာမှု စသည့် အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်ပါသည်။

ယင်းသို့ နိုင်ငံတော်အစိုးရက အဘက်ဘက်မှ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အချိန်အခါကောင်းကို ကောင်းစွာသိမြင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤမြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးမှ တစ်ဆင့် မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး ရည်မှန်းချက်များနှင့် အညီ ပြည့်ဝစွာ ပြီးမြောက် အောင်မြင်ပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်း ဂုဏ်ရှိန်မြင့်မားစွာ တိုးတက်ဖြစ်ထွန်းပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့၏ ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

**ပေးအပ်လှူဒါန်း**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း စိန်ပန်းမြိုင်ရိပ်သာနေ ဦးကြည်သာ၊ ဒေါ်မာမာအေးမိသားစုက ငွေကျပ် ၁၃၀၀၀၀ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**၁၉၉၄ ခုနှစ် ရန်ကုန် စက်မှုတက္ကသိုလ် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက်က ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မိကာဆာဟိုတယ်တွင် ကျင်းပရာ ကျောင်းသားဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ခံလက်ဆောင်များ ပေးအပ်စဉ်။** (က-ပ)

နီပေါနိုင်ငံရှိ ရှေးဟောင်းမြို့ကြီးသုံးမြို့တွင် ပါဝင်သော ပါတန်မြို့ရှိ နန်းတော်သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည့်ရှုလေ့လာနေကြသည်ကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာကြီး ပူနွေးလာမှုကြောင့် တိရစ္ဆာန်နှင့်အပင်မျိုးစိတ်များ ထိခိုက်

ဝါရှင်တန် နိုဝင်ဘာ ၂၄

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ ပျက်သုဉ်းမှုအခြေအနေမှာ စတင်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းမျိုးစိတ်များ၏ မျိုးဗီဇပြောင်းလဲမှုများမှာလည်း ကြိုတင်ခန့်မှန်းခဲ့သည်ထက် ပိုမိုစောစီးစွာ ဖြစ်ပေါ်နိုင်ကြောင်း သုတေသနလေ့လာချက် ရာပေါင်းများစွာအပေါ် အခြေခံသည့် သုံးသပ်လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာကြီးပူနွေးမှုကြောင့် တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ၏ မျိုးဗီဇ ပြောင်းလဲမှု အလွန်လျင်မြန်စွာ ဖြစ်ပေါ်နိုင်မှုကို ဇီဝဗေဒပညာရှင်များနှင့် ဂေဟဗေဒပညာရှင်များကပင် အံ့အားသင့်ကြရကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖားပြုတ်မျိုးစိတ် ၇၀ ထက်မနည်းသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် မျိုးသုဉ်းမည့် အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း၊ အပူဒဏ်မှ လွတ်မြောက်ရန် အရပ်တစ်ပါးသို့ ထွက်ပြေးနိုင်ခြင်းမရှိသော တောင်ပေါ်တွင် ကျက်စားသည့် ဖားပြုတ်များ မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ ဇီဝဗေဒပညာရှင် ကမ်မယ်လီပါမီဆန်က ပြောကြားသည်။ ကမ္ဘာကြီးပူနွေးမှုကြောင့် ရေခဲမြစ်များ ကျုံ့လာလျက်ရှိရာ ရေခဲပြင်တွင် ကျက်စားနေထိုင်သော ပင်ဂွင်းငှက်များ နှင့် ဝင်ရိုးစွန်း ဝက်ဝံတို့မှာလည်း မျိုးသုဉ်းမည့် အန္တရာယ်ကို ရင်ဆိုင်ရနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

# ပီနန် လေဆိပ်၌ ကွန်ပျူတာပစ္စည်းများလုယက်ခံရ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၄

မလေးရှားနိုင်ငံ လေဆိပ် ကုန်ပစ္စည်းသိုလှောင်ရုံမှ ရင်းဂစ်၄၇သန်းခန့်(အမေရိကန်ဒေါ်လာ၁၂ဒသမ၇သန်း)တန်ဖိုးရှိ ကွန်ပျူတာချစ်ပြားနှင့် ကွန်ပျူတာ အစိတ်အပိုင်းတို့ကို အင်အား၂၀ရှိ ဓားပြအဖွဲ့က လုယက်ယူဆောင်သွားကြကြောင်း သတင်းဌာနများက အင်္ဂါနေ့တွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်သည် ပီနန်ပြည်နယ်တွင် တနင်္လာနေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဓားပြများသည် မိုက်ခရိုချစ်ပြားနှင့် ကွန်ပျူတာအစိတ်အပိုင်းများကို လော်ရီကားနှစ်စီးဖြင့်တင်ကာ လုယူသွားခဲ့ကြသည်။

ဓားပြများသည် ကုန်သေတ္တာတင်လော်ရီယာဉ်များဖြင့် ရောက်လာကြသည်။ ၎င်းတို့အနက် လေးဦးမှာ လုံခြုံရေးဝန်ထမ်းဝတ်စုံကို ဝတ်ဆင်ပြီး သိုလှောင်ရုံစောင့် လုံခြုံရေးဝန်ထမ်းများကို အငိုက်ဖမ်းခဲ့ကြသည်။

ဓားပြများသည် ကုန်ပစ္စည်းသိုလှောင်ရုံအတွင်း ဝင်ရောက်လာပြီး အလုပ်သမား၁၇ဦးကို ကလိုရိုဖောင်း မေ့ဆေးအသုံးပြုကာ လုယက်ခဲ့သည်။ ၎င်းတို့သည် ယင်းပစ္စည်း သိုလှောင်ရုံမှ ထွက်သွားရာတွင် စစ်ဆေးရေးဂိတ်ရှိ အကောက်ခွန်အရာရှိနှစ်ဦးနှင့် လော်ရီယာဉ်မောင်း တစ်ဦးတို့ကို တိုက်ခိုက်သွားခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# အီရတ်နှင့်အာဖဂန်ဆိုင်ရာအမေရိကန်၏မူဝါဒ ပြန်လည်သုံးသပ်ရန် ဒီမိုကရက်အမတ်များ တိုက်တွန်း

ဝါရှင်တန် နိုဝင်ဘာ ၂၄

ဒီမိုကရက်အမတ်များက အမေရိကန်အောက်လွှတ်တော်ကို ထိန်းချုပ်နိုင်ရန်အတွက် ပြင်ဆင်နေချိန်အတွင်း ပေါ်ထွက်လာသည့်ကွန်ဂရက်လွှတ်တော် အစီရင်ခံစာတွင် ဥပဒေပြုအမတ်များ အနေဖြင့် အီရတ်နှင့်အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒကို ပြန်လည်ဆန်းစစ်ကြရန် တိုက်တွန်းထားသည်။

အီရတ်နှင့်အာဖဂန်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ပြန်လည် သုံးသပ်ရေးသည် အခြေခံကျကျ ပြန်လည်ပြင်ဆင်ရန် လိုအပ်နေသည့် မူဝါဒများဖြစ်သည်ဟု ကွန်ဂရက်လွှတ်တော်ရှိ ဌာနတစ်ခုဖြစ်သော အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအား စိစစ်ရေးရုံး (ဂျီအေအို)မှ တနင်္လာနေ့က ထုတ်ပြန်သည့်အစီရင်ခံစာတွင်ဖော်ပြထားသည်။

သုံးနှစ်ကြာ ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းနိုင်ငံ၏လုံခြုံရေးအခြေအနေမှာဆက်လက်ဆိုးရွားနေပြီးအီရတ်လုံခြုံရေးတပ်ဖွဲ့များတွင် စွမ်းပကားအကန့်အသတ်ဖြင့်သာ ရှိနေကာ သစ္စာစောင့်မှုမရှိဖြစ်နေကြကြောင်း၊ ဗဟိုအစိုးရအနေဖြင့်လည်း နိုင်ငံအုပ်ချုပ်ရာတွင် အကန့်အသတ်ဖြင့်သာ အုပ်ချုပ်နိုင်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နှေးကွေးနေကြောင်း အစီရင်ခံစာတွင်ပါရှိသည်။ အာဖဂန်နိုင်ငံတွင်လည်း တာလီဘန်ပြောက်ကျားများ ပြန်လည်ခေါင်းထောင်လာပြီး လုံခြုံရေးအခြေအနေ ဆိုးရွားမှုကြောင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

# အရည်အချင်းပြည့်ဝသည့် စီအီးအိုများ ဗီယက်နမ် လိုအပ်နေ

ဟန္နွိုင်း နိုဝင်ဘာ ၂၄

ဗီယက်နမ်နိုင်ငံတွင် အရည်အချင်းပြည့်ဝသည့် အမှုဆောင်အရာရှိချုပ်(စီအီးအို)များ အများအပြားလိုအပ်လျက်ရှိသော်လည်းလိုအပ်ချက်၏၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိကိုသာ ဖြည့်ဆည်းပေးနိုင်ကြောင်း ဗီယက်နမ်သတင်းအမည်ရှိနေ့စဉ်သတင်းစာက ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပြီဖြစ်သော်လည်း အရည်အချင်းပြည့်သော စီအီးအိုနှင့် အခြားအထက်တန်းအရာရှိများ ရှားပါးနေကြောင်း၊ အထက်တန်းမန်နေဂျာများအား မွေးထုတ်ပေးနိုင်ရန် လေ့ကျင့်သင်တန်းများပေးရေးကို အရေးတကြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းရေးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးလိုက်သည့် မူးယစ်ဆေးဝါး သယ်ဆောင်လာသော ရေငုပ်သင်္ဘောကို ပွန်တာရီနတ်စ်ဆိပ်ကမ်း၌ နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ကူကျိုးပြည်နယ်၌ ကျွဲရိုင်းတိုက်ပွဲ ပြုလုပ်နေသည်ကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ချူကလီးယားလက်နက်ပိုင်ဆိုင်ရန် ဂျပန်ပြည်သူအများစု မလိုလား

တိုကျို နိုဝင်ဘာ ၂၄

ဂျပန်နိုင်ငံတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်မှု ရှိသင့်၊ မရှိသင့်နှင့် ပတ်သက်၍ အငြင်းပွားလျက်ရှိကြောင်း၊ ၈၀ ရာခိုင်နှုန်းသော ဂျပန်ပြည်သူပြည်သားတို့က နျူကလီးယားလက်နက်မထားရှိရေး မူဝါဒကို ပြောင်းလဲရန် လက်မခံကြောင်း ယူမိယူရိသတင်းစာက ထုတ်ပြန်သည့် လူထုသဘောထား စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

လူ ၁၇၅၇ ဦးကို တွေ့ဆုံမေးမြန်းကြည့်ရာ ဂျပန်နိုင်ငံ၏ နျူကလီးယားလက်နက်မထားရှိရေးမူဝါဒများကို ဆက်လက်ကျင့်သုံးရန် ၇၉ ဒသမ ၉ ရာခိုင်နှုန်းက လိုလားကြသည်။ ယင်းမူဝါဒအရ နျူကလီးယား လက်နက်များ ထုတ်လုပ်ခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် နိုင်ငံအတွင်း တင်သွင်းခြင်းတို့ကို ပြုလုပ်နိုင်ခြင်းမရှိပေ။

ဖော်ပြပါနျူကလီးယား မူဝါဒ ပြန်လည် ပြင်ဆင်ရေးကို ၁၇ဒသမ ၆ရာခိုင်နှုန်းသောသူများကလက်ခံကြပြီး ၂ ဒသမ ၆ ရာခိုင်နှုန်းက တုံ့ပြန်ဖြေကြားမှုမရှိဟု သတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# ကန်ဆိပ်ကမ်းများတွင် လေထုညစ်ညမ်းမှုလျှော့ချမည်

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၄

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်နှင့် လောင်းဘိချ်ပင်လယ်ဆိပ်ကမ်းမြို့များသည် လာမည့်ငါးနှစ်အတွင်း လေထုညစ်ညမ်းမှု လျှော့ချရန်အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

လောင်းဘိချ်နှင့် လော့စ်အိန်ဂျလိစ် ဆိပ်ကမ်းကော်မရှင်များကချမှတ်သည့် အဆိုပါအစီအစဉ်အရ လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းအတွက် အမေရိကန် ဒေါ်လာ နှစ်ဘီလီယံ အသုံးပြုရန် လျာထားသည်။ သင်္ဘောများ၊ ရထားများ၊ ထရပ်ယာဉ်များ၊ သိုလှောင်ရုံပစ္စည်းများ၊ ဆိပ်ကမ်းများရှိ ယာဉ်များက ထုတ်လွှတ်သည့် ဓာတ်ငွေ့ကို ငါးနှစ်တာကာလအတွင်း ၄၅ရာနှုန်းအထိ လျှော့ချမည်ဖြစ်သည်။ နိုက်ထရိုဂျင်အောက်ဆိုဒ် ၄၅ ရာနှုန်းနှင့် ဆာဖာဒိုင်အောက်ဆိုဒ် ၅၂ရာနှုန်းတို့ကို ၂၀၁၁ခုနှစ်နောက်ဆုံးထားလျှော့ချမည်ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# နိုင်ဂျီးရီးယားတွင် ပြန်ပေးဆွဲမှုဖြစ်ပွား

လေဂိုစ့် နိုဝင်ဘာ ၂၄

နိုင်ဂျီးရီးယားနိုင်ငံ ကမ်းလွန်တစ်နေရာတွင် ရပ်ထားသည့် အီတလီရေနံသင်္ဘောမှ လူအများအပြားကို သေနတ်သမားများက ပြန်ပေးဆွဲသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဖမ်းခံရသည့် ဓားစာခံ အရေအတွက်ကို မသိရသေးပေ။ အီတလီမှ အီနီရေနံကုမ္ပဏီပိုင် ရေနံသင်္ဘောပေါ်တွင် ပြန်ပေးဆွဲမှု ဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

နိုင်ငံခြားသားလုပ်သား ၂၅ ဦးနှင့် နိုင်ဂျီးရီးယား အလုပ်သမား ၆၀ တို့ အဆိုပါ သင်္ဘောပေါ်မှပြန်ပေးဆွဲခံရသည်ဟု အခြားသောသတင်းရပ်ကွက်များကပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

နိုင်ငံတကာ သတင်းများ

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်သေနတ်ပစ် အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည်။**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၈ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဗိုလ်မှူးကြီးသန်းဦး ခေါင်းဆောင်သော အဖွဲ့ဝင် ၄၂ ဦးပါ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း မထွက်ခွာမီ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှ အသင်းခေါင်းဆောင်၊ အုပ်ချုပ်သူ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားသမားများအား တွေ့ဆုံ၍ အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ ယခုပြိုင်ပွဲတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်၍ တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် စိတ်ဓာတ်၊ စည်းကမ်း၊ လုံ့လဝီရိယ အပြည့်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ရေး၊ ပြီးခဲ့သည့် ပြိုင်ပွဲအတွေ့အကြုံများကို အခြေခံ၍ ယခုပြိုင်ပွဲတွင် ပိုမိုအောင်မြင်မှုရရှိရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။ (သတင်းစဉ်)

### အမှာစကား ပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၁၆) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ် ပစ် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ် ပစ် အသင်းအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ကိုးဘွဲ့ရဆရာတော်ဓမ္မသဘင်

ရန်ကုန် နိုဝင်ဘာ ၂၅

စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော်အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် နိုဝင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီတွင် မြစ်ငယ်မြို့နယ် စာတိုးရွာ ဓမ္မာရုံကျောင်း အေးစေတီဘုရားပွဲ၊ ညဂနာရီတွင် မုံရွာမြို့ အောင်မဟာဘုံဆွမ်းလောင်း အသင်းအောင်ပွဲ၊ ၂၇ရက်တွင် ဝက်လက်မြို့နယ် လှတောကြီး ရွှေကျင်ရွာ ရွှေကျင်ဗိမာန်တော် ဆရာတော်ကြီး ပူဇော်ပွဲ၊ ၂၈ရက်တွင် မုံရွာဆားလင်းကြီး မြို့နယ် ဆုံတားကျေးရွာ အထူးပွဲ၊ ၂၉ရက်တွင် မန္တလေးမြို့ မာလကာခြံ ၃၀-၃၁ကြား၊ ၈၇-၈၈ကြား ကွဲရိုင်း ဓမ္မာရုံပွဲ၊ ၃၀ရက်တွင် ရွှေဘိုခရိုင် ဝက်လက် မြို့နယ် မင်းကြည်ကျေးရွာ ဒက္ခိဏာရာမ ကျောင်းအောင်ရတနာမိသားစု အထူးပွဲတို့၌ တရားတော်များ ဟောကြားတော်မူ မည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉၅ ၃၃၀၈၉၅၊ ၀၇၂-၂၂၁၇၀နှင့် ၀၁-၇၀၈၄၀၃တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၅

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ ၂၄ရက်တွင် ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်း ပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည် ဆောက်ရေးက တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသော ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြား ရေးမှူး ဦးဝမ်ကြည်နှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ လျာထား သတ်မှတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းရရှိမှု၊ သယ်ယူစုဆောင်းထားရှိမှုနှင့် လအလိုက်၊ နှစ်အလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်တို့ကို ရှင်းလင်း တင်ပြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။**

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်း၏ ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်း တို့၌ ပင်မတမံကျောက်သားနှင့် မြေဖို့ခြင်း လုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေယူ အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း တစ်လျှောက် ကျောက်သားနှင့် မြေကြီး တူးဖော် ရှင်းလင်းခြင်းလုပ်ငန်း၊ အရေး ပေါ် ရေပိုလွှဲတည်ဆောက်ပြီးစီးမှုနှင့် ရေလွှဲမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ပင်မ ရေပိုလွှဲတည်ဆောက်ရန် မြေသား တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေ သည်များကိုလှည့်လည်ကြည့်ရှုစစ်ဆေး ပြီး စီမံကိန်းမှ တာဝန်ရှိသူများအား လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြား သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် ရွှေကျင်ချောင်းပေါ်၌ ရေလှောင်တမံ တည်ဆောက်၍ ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်လေးလုံး စုစုပေါင်း ၇၅မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၆၂ သန်းခန့် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မည် ဖြစ်ကြောင်းနှင့် စီမံကိန်းတစ်ခုလုံး ၄၄ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပဲခူးတိုင်း ရွှေကျင်မြို့ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်နေရာများ၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု တပခဇုန်(တောင်ငူ)၌ အနောက်တောင် တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး) ၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာန ချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ နှစ်ဂိုးစီ သရေကျသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ရဲသူရိန်သိန်းမြင့်၏ စီစဉ်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် အရန်မီးသတ် တပ်ရင်းမှူး ရဲကျော်စွာမင်းမင်းနှင့် တပ်ဖွဲ့ဝင်များ ရပ်ကွက်အသီးသီး၌ မီးသတ်ရေပိုက်ခေါင်းများစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးနှိုးဆော်ခြင်းများကို ဆောင်ရွက် လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်က ပုသိမ်ညွန့်ရပ်ကွက် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌနှင့်အတူ လိုက်လံစစ်ဆေးစဉ်။ (၃၀)

# အထက(၁)စစ်ကိုင်း အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

စစ်ကိုင်းမြို့ အထက(၁)၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက်ပါ ကျောင်းအသင်္ချာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တာဝန်ထမ်းဆောင် ခဲ့ကြသော အသက် (၆၀)ကျော် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အထူးတရားပွဲအဖြစ် အထက(၁) ဘောလုံးကွင်း၌ ဒီဇင်ဘာ ၃ရက် ည ၇နာရီတွင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ဓမ္မဒူတအရှင်ဆေကိန္ဒ အရှင်သူမြတ် (တွဲဖက်ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်)က တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

# ၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့

**ညီလေး မင်းကိုနိုင်၊ ၁၉၈၈ မတိုင်မီက ဒို့နိုင်ငံဟာ ခွဲစိတ်ကုသရမည့် ရောဂါဆိုးကြီး အမြစ်တွယ်စွဲကပ်ခံနေရတဲ့ အခြေအနေပါ။ အဲဒီအခြေအနေဆိုးကြီး၊ အဲဒီရောဂါဆိုးကြီး ဖြစ်နေတုန်းက ဒို့နိုင်ငံကို ဘယ်နိုင်ငံကမှ ဂရုမစိုက်ကြဘူး။ ကုလသမဂ္ဂကလည်း အရေးမလုပ်ဘူး။ ဖြစ်ချင်ရာဖြစ် ကျီးထိုးထိုး၊ လင်းတထိုးထိုးဆိုပြီး ပစ်ထားကြတယ်။ ဒို့တစ်တွေဟာ ဒို့နိုင်ငံရဲ့ အမြစ်တွယ်နေတဲ့ ရောဂါဆိုးကြီးကို ၁၉၈၈ မှာ ခွဲစိတ်ကုသ ခဲ့ကြတယ်။ ဒီလိုခွဲစိတ်ကုသတဲ့အတွက် တန်ဖိုးကြီးစွာပေးဆပ်ခဲ့ကြရတယ်။ ၁၉၈၈ နောက်ပိုင်းမှာ ခွဲစိတ်ကုသခံခဲ့ရတဲ့ ဒို့နိုင်ငံကို နာလန်ထလာအောင် နိုင်ငံတော်အစိုးရနဲ့ ပြည်သူအများက ဝိုင်းဝန်းကြိုးစားနေကြတယ်။ နာလန်ထစနိုင်ငံတော်ကြီးကို နောက်တစ်ကြိမ်ထပ်ပြီး မခွဲစိတ်ချင်ပါနဲ့။ ခွဲစိတ်ဖို့လည်း မကြိုးစားပါနဲ့။ နာလန်ထစလူနာကို ခွဲစိတ်မှုဟာ ဆိုးကျိုးကိုပဲ ဖြစ်စေမယ်ညီလေး။**

ညီလေးမင်းကိုနိုင်၊ အစ်ကိုစာရေးလိုက်ပါတယ်။ ဒီနေ့ ဒီအချိန်မှာ ညီလေး ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို အစ်ကိုမသိပါဘူး။ ဒါကြောင့် ဒီစာကို သတင်းမီဒီယာမှတစ်ဆင့် ညီလေး ဖတ်ရကောင်းရဲ့ဆိုတဲ့သဘောနဲ့ သတင်းမီဒီယာတိုက်ကိုပဲ ပို့ပေးလိုက်ပါတယ်။

ညီလေး မင်းကိုနိုင်၊ ညီလေးက ၈၈ မျိုးဆက် ကျောင်းသားဆိုတော့ အစ်ကိုက ၇၅ မျိုးဆက်ကျောင်းသားပါ။ အစ်ကိုတို့ ၇၅ မျိုးဆက် ကျောင်းသားတွေဟာ ဦးသန့်အရေးအခင်း၊ မှိုင်းရာပြည့် အရေးအခင်း များဖြင့် ကျောင်းသားလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြပြီး မဆလအစိုးရကို ဖြုတ်ချဖို့ ကြိုးစားခဲ့ကြသူတွေ ဖြစ်ပါတယ်။ အလားတူ ညီလေးတို့ ၈၈ မျိုးဆက်များကတော့ ရှစ်လေးလုံး လူထုလှုပ်ရှားမှုမှာ ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

ညီလေး မင်းကိုနိုင်၊ အစ်ကိုဟာ မှိုင်းရာပြည့် အရေးအခင်းအပြီးမှာ အင်းယားမြေက ဒဂုံဆောင်နဲ့ လှိုင်တက္ကသိုလ်နယ်မြေကို ကျောခိုင်းထွက်ခွာခဲ့ရပါတယ်။ ညီလေးနဲ့အစ်ကို မတူတဲ့အချက်က ညီလေးဟာ ရှစ်လေးလုံး လှုပ်ရှားမှုအပြီးမှာ ထောင်ထဲရောက်သွားတယ်။ အစ်ကိုက မှိုင်းရာပြည့် လှုပ်ရှားမှုအပြီးမှာ စီးပွားရေးလောကထဲ ရောက်သွားတယ်။ မိမိဘဝကို စွန့်လွှတ်အနစ်နာခံမှု အဆင့်အတန်းမှာ ညီလေးနဲ့အစ်ကိုဟာ မိုးနဲ့မြေပမာ ကွာခြားလှပါတယ်။ မှိုင်းရာပြည့် အရေးအခင်းအပြီးမှာ အစ်ကိုဟာ အဖေရဲ့ ဆားထုတ်လုပ်မှုလုပ်ငန်းမှာ ကူညီလုပ်ကိုင်ခဲ့ပါတယ်။ အဖေ့ကို လေးနှစ်ကူညီခဲ့ပြီး လုပ်ငန်းအတွေ့အကြုံရလာတဲ့အခါ အဖေက အရင်းအနှီး ထုတ်ပေးတယ်။ အဲဒီငွေနဲ့ ရေးနယ်က ပလိုင်ကီးရွာမှာ ဆားကွင်းတစ်ကွင်း လုပ်ကိုင်ခဲ့တယ်။ အဲဒီနေရာဟာ အစ်ကိုရဲ့ဇာတိမြို့ ကျိုက္ခမိနဲ့ မိုင် ၆၀ လောက်ဝေးတယ်။ နယ်မြေကလည်း မအေးချမ်းတဲ့ သောင်းကျန်းသူ နယ်မြေ ဖြစ်နေတယ်။ အစ်ကိုက ဗမာစကားကလွဲပြီး တခြားတိုင်းရင်းသား စကားတွေ မတတ်ပါဘူး။ ဒါကြောင့် အမေက အဲဒီနယ်မှာ စီးပွားရေးသွား လုပ်တာကို တားတယ်။ အဖေက အားပေးတယ်။ အစ်ကိုကတော့ သောင်းကျန်းသူဆိုတာ ကြောက်စရာမလိုဘူး။ အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းဖြစ်လို့ အစ်ကိုတို့နဲ့ သဘောချင်း တိုက်ဆိုင်နိုင်တယ်လို့ ယူဆခဲ့တယ်။ ဒါကြောင့် အဲဒီနယ်မှာ စီးပွားရေးလုပ်ပြီး သောင်းကျန်းသူနဲ့ ပေါင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ညီလေး မင်းကိုနိုင်၊ အစ်ကို့ရဲ့ ဆားကွင်းဟာ သံဖြူဇရပ်နဲ့ရေး ရထားလမ်းဘေးက ပလိုင်ကီးရွာလေးမှာရှိတယ်။ အဲဒီပလိုင်ကီးရွာဟာ သောင်းကျန်းသူတွေအင်အားနဲ့ စခန်းချထားတဲ့ ဖာလိန်တောင်ခြေနဲ့ နှစ်မိုင်လောက်ပဲ ဝေးတယ်။ သောင်းကျန်းသူတွေက မကြာခဏ အစ်ကိုတို့ စီးတဲ့ ရထားတွေကို မိုင်းခွဲတယ်။ ရထားလမ်းတံတားတွေကို ဖောက်ခွဲ ဖျက်ဆီးတယ်။ ရထားလမ်း လုံခြုံရေးအတွက် တပ်မတော်သားတွေဟာ အစ်ကိုတို့ရှေ့မှာ တဖြောက်ဖြောက် ကျဆုံးရတယ်။ ရထားမိုင်းခွဲခံရပြီး အပြစ်မဲ့ ပြည်သူအများအပြား သေကျေဒဏ်ရာရကြတယ်။ ဒါတွေဟာ အစ်ကို့ရဲ့ ဆားကွင်းနားမှာ ဖြစ်ပျက်နေကြတာပါ။ ဒါတွေကိုမြင်တော့ အစ်ကို ဘာဆက်လုပ်သင့်သလဲ။ အစိုးရကိုဆန့်ကျင်တဲ့ သောင်းကျန်းသူနဲ့ ပေါင်းမလား၊ တပ်မတော်သားတွေနဲ့ လက်တွဲပြီး မိုင်းထောင်ဖောက်ခွဲနေတဲ့ သောင်းကျန်းသူတွေကို တားဆီးမလား၊ ဒါမှမဟုတ် ဘယ်သူသေသေ ငတေမာပြီးရောဆိုသလို ဒီမိုင်းထောင် မိုင်းခွဲလုပ်ရပ်တွေဟာ ကိုယ်နဲ့ မဆိုင်သလိုနေမလားဆိုပြီး အစ်ကို စဉ်းစားလာရတော့တယ်။ ညီလေး သာဆိုရင် ဘယ်အချက်ကို ရွေးမလဲ။ ဒီအဖြေကို အစ်ကိုသိပါတယ်။ ညီလေးလို အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံတဲ့ လူစားမျိုးဟာ အစ်ကို့လို တောင်တောင်အီအီတောင် စဉ်းစားနေမှာ မဟုတ်ဘူး။ တပ်မတော်သားတွေနဲ့ လက်တွဲပြီး မိုင်းထောင်မိုင်းခွဲတဲ့ လုပ်ရပ်တွေကို ညီလေး ဟန့်တားမယ်လို့ အစ်ကို အပြည့်အဝ ယုံကြည်ပါတယ်။

ညီလေး မင်းကိုနိုင်၊ ကျောင်းသားဘဝတုန်းက တပ်မတော်ကို မုန်းတီးခဲ့တဲ့ အစ်ကိုဟာ သောင်းကျန်းသူနယ်ထဲ ရောက်သွားတဲ့အခါ မှာတော့ တပ်မတော်နဲ့ တစ်သွေးတည်းတစ်သားတည်း ဖြစ်သွားတယ်။ ညဘက် ရထားလမ်းဘေး တပ်မတော်သားတွေ ကင်းပုန်းဝပ်တဲ့အခါမှာ အစ်ကိုလည်း ပါဝင်တဲ့အထိ ဖြစ်သွားခဲ့တယ်။ ဒါကြောင့် သောင်းကျန်းသူ ဘက်က နံပါတ်(၄) ဆားကွင်းသူဌေးဟာ ရန်သူကို အားပေးတယ်၊ ရန်သူကို မွေးတယ်ဆိုတဲ့အသံတွေ ထွက်လာတယ်။ တစ်နေ့မှာတော့ “မင်းရဲ့ အမှုအကျင့်တွေကို ငါတို့အဖွဲ့က ဆုံးဖြတ်ပညာပေးရန်ရှိတယ်” ဆိုပြီး သောင်းကျန်းသူတပ်ခွဲမှူး ဗိုလ်ဗလိုင်က အစ်ကို့ကို ဆင့်ခေါ်တယ်။ သောင်းကျန်းသူမှာ အကျဉ်းထောင်ရှိတာ မဟုတ်ဘူး။ သူတို့ရဲ့ ပညာပေးခြင်းကို ခံရတဲ့သူတွေဟာ ကိုယ့်တွင်းကိုယ် တူးရတယ်။ ဒီလို အစ်ကို့အတွက် သေရေးရှင်ရေး ဖြစ်နေတဲ့အချိန်မှာ ပလိုင်ကီးရွာက မွန်အမျိုးသားကြီးဦးမောင်က သူဌေးမှာ ဘာမှအပြစ်မရှိဘူး။ သူဌေးဟာ ကျွန်တော်တို့မွန်တွေကို ကူညီစောင့်ရှောက်နေတယ်။ သူဌေးကိုမသတ်ခင် ကျွန်တော့်ကို အရင်သတ်ပါလို့ ဝင်ရောက်ဟန့်တား ပြောဆိုခဲ့တယ်။ နောက်တစ်လလောက်အကြာ နံနက်စောစောပိုင်းအချိန်မှာ ဗိုလ်ဗလိုင်ဟာ အစ်ကို့ဆားကွင်းဘေးကို ရောက်လာတယ်။ သူ့သမီး ငှက်ဖျားအပြင်းအထန်ဖြစ်လို့ ရေးမြို့ဆေးရုံ တင်ပေးဖို့ အစ်ကို့ကို အကူအညီ တောင်းတယ်။ အစ်ကိုက စိတ်ချပါကိုဗလိုင်၊ ကျွန်တော့်သမီးလိုပဲ သဘောထားပြီး စောင့်ရှောက်ပေးပါမယ်။ အခုပဲ ရေးမြို့ကို ခြေလျင် သွားမယ်လို့ ပြောလိုက်တယ်။ ဗိုလ်ဗလိုင်က ညနေကျမှ ရထားနဲ့သွားပါလို့ ပြောတယ်။ ကိုဗလိုင်သမီးက ကယောင်ကတမ်း ဖြစ်နေတယ်ဆိုတော့ စိုးရိမ်ရတယ်၊ နောက်ပြီး ရထားဆိုတာ စိတ်ချရတာ မဟုတ်ဘူး။ မတော်လို့

## ၇၅ မင်းဆွေ

မိုင်းခွဲခံရရင် ဘယ်လိုလုပ်မလဲလို့ ပြောလိုက်တော့ ဗိုလ်ဗလိုင် မျက်နှာ ပျက်သွားတယ်။ ရထားကို မိုင်းခွဲနေတာ သူတို့အဖွဲ့ပဲ မဟုတ်လား။ ဗိုလ်ဗလိုင်က သူ့အကေသေနတ်ကို ကမ်းပေးတယ်။ သူ လက်နက် စွန့်ချင်ပြီဆိုတာ အစ်ကိုသိလိုက်တယ်။ နောက်ပိုင်းမှာတော့ ဗိုလ်ဗလိုင်ဟာ လက်နက်ကိုင် လမ်းစဉ်ကိုစွန့်ပြီး အလင်းဝင်ရောက်ခဲ့တယ် ညီလေး။

**ညီလေး မင်းကိုနိုင်၊ ဒီအဖြစ်အပျက်တွေကိုကြည့်ရင် အစ်ကိုတို့ဟာ နိုင်ငံနဲ့လူမျိုးအကျိုးအတွက် လိုအပ်လာလျှင် နိုင်ငံတော်ရဲ့တစ်ခုတည်းသော တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းကြောင့် မလိုလားတဲ့သူတွေက ရန်သူနဲ့ပေါင်းတယ်လို့ ပြောလဲ ဂရုစိုက်စရာမလိုဘူး။ မိမိဂုဏ်ငယ် ဂုဏ်သိမ်မှာကို ထည့်တွက်စရာ မလိုဘူး။ မိမိအကျိုးထိခိုက်မှာ၊ မိမိအသက်အန္တရာယ်ဖြစ်မှာကိုလည်း ကြောက်စရာမလိုဘူး။ တစ်ခုတော့ရှိတယ် နိုင်ငံနဲ့လူမျိုးအကျိုးကို ဗန်းပြပြီး မိမိပုဂ္ဂလိက အကျိုးစီးပွားအတွက် ရိုက်စားလုပ် ပူးပေါင်းဆောင်ရွက်တာမျိုးကိုတော့ အစ်ကိုလက်မခံပါဘူး။ ညီလေးဆို ဝေလာဝေးပေါ့။**

ညီလေး မင်းကိုနိုင်၊ အမေရိကန်နဲ့ ဗီယက်နမ်ဟာ တစ်ချိန်က သူသေကိုယ်သေ တိုက်ခဲ့ကြတဲ့ ကမ္ဘာ့ရန်သူတွေပါ။ ယခုအခါမှာတော့ ဗီယက်နမ်လူမျိုးတွေ စည်းလုံးညီညွတ်တာကြောင့် အမေရိကန်က စီးပွားရေး အထူးအခွင့်အရေးတွေပေးပြီး ဆက်ဆံနေရတယ်။ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးဟာ ဖွံ့ဖြိုးလာတယ်။ ဗီယက်နမ်လူမျိုးတွေ ချမ်းသာပြီး လူနေမှုအဆင့် မြင့်လာကြတယ်။ ဒို့မြန်မာတွေနဲ့ အမေရိကန်ဟာ ဘာမှ ရန်ငြိုးရန်စ ရှိကြတာမဟုတ်ဘူး။ ဒို့တစ်တွေ မညီမညွတ်ဖြစ်နေကြလို့သာ အမေရိကန်က စီးပွားရေးပိတ်ဆို့နေတာပါ။ ဒို့တစ်တွေ မညီညွတ်လို့သာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာ့အရေးကို အဆွေးနွေးခံနေရတာပါ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတင်ပြီး ဒို့နိုင်ငံကို ရွာကြီးတစ်ရွာထဲမှာရှိတဲ့ နူနာရောဂါဖြစ်နေတဲ့အိမ်ကို ရွာပြင်ထုတ်သလို ဝိုင်းပယ်ဖို့ ကြိုးစားနေကြတယ်။ ဒါဟာ ဒို့တစ်တွေအတွက် မျက်နှာကို ဓားနဲ့လှီးပစ်ချင်လောက်အောင် ရှက်ဖို့ကောင်းတဲ့ကိစ္စဖြစ်တယ်။ ဒါဟာ ဝမ်းသာအားရ ဖြစ်နေကြရမယ့်ကိစ္စ မဟုတ်ဘူး၊ ဝိုင်းဝန်းထောက်ခံ အားပေးကြရမယ့် ကိစ္စမဟုတ်ဘူး ညီလေး။

**ညီလေး မင်းကိုနိုင်၊ ၁၉၈၈ မတိုင်မီက ဒို့နိုင်ငံဟာ ခွဲစိတ်ကုသရမည့် ရောဂါဆိုးကြီး အမြစ်တွယ်စွဲကပ်ခံနေရတဲ့ အခြေအနေပါ။ အဲဒီအခြေအနေဆိုးကြီး၊ အဲဒီရောဂါဆိုးကြီး ဖြစ်နေတုန်းက ဒို့နိုင်ငံကို ဘယ်နိုင်ငံကမှ ဂရုမစိုက်ကြဘူး။ ကုလသမဂ္ဂကလည်း အရေးမလုပ်ဘူး။ ဖြစ်ချင်ရာဖြစ် ကျီးထိုးထိုး၊ လင်းတထိုးထိုးဆိုပြီး ပစ်ထားကြတယ်။ ဒို့တစ်တွေဟာ ဒို့နိုင်ငံရဲ့ အမြစ်တွယ်နေတဲ့ ရောဂါဆိုးကြီးကို ၁၉၈၈ မှာ ခွဲစိတ်ကုသ ခဲ့ကြတယ်။ ဒီလိုခွဲစိတ်ကုသတဲ့အတွက် တန်ဖိုးကြီးစွာပေးဆပ်ခဲ့ကြရတယ်။ ၁၉၈၈ နောက်ပိုင်းမှာ ခွဲစိတ်ကုသခံခဲ့ရတဲ့ ဒို့နိုင်ငံကို နာလန်ထလာအောင် နိုင်ငံတော်အစိုးရနဲ့ ပြည်သူအများက ဝိုင်းဝန်းကြိုးစားနေကြတယ်။ နာလန်ထစ နိုင်ငံတော်ကြီးကို နောက်တစ်ကြိမ်ထပ်ပြီး မခွဲစိတ်ချင်ပါနဲ့။ ခွဲစိတ်ဖို့လည်း မကြိုးစားပါနဲ့။ နာလန်ထစလူနာကို ခွဲစိတ်မှုဟာ ဆိုးကျိုးကိုပဲ ဖြစ်စေမယ်ညီလေး။**

ညီလေး မင်းကိုနိုင်၊ ယနေ့ မြန်မာ့တပ်မတော်ဟာ အစဉ်အလာကောင်းခဲ့သော တပ်မတော်ဖြစ်တယ်။ ဒီလိုအစဉ်အလာကောင်းသော တပ်မတော်ဖြစ်လာအောင် တပ်မတော်သားတွေရဲ့ အသက်ခန္ဓာတွေ အများကြီး ပေးဆပ်ခဲ့ကြရတယ်။ အစ်ကိုနဲ့ လက်တွဲခဲ့ကြတဲ့ တပ်ကြပ်ငွန်ကစ်ကျန်၊ တပ်ကြပ်မြင့်ထွန်း၊ ဒုတပ်ကြပ်မြင့်ဆွေတို့ဟာ အစ်ကိုတို့ရဲ့ အသက်အိုးအိမ်လုံခြုံရေးအတွက် သူတို့အသက်တွေ ပေးသွားခဲ့ကြတယ်။ ဒါ အစ်ကို လက်တွဲခဲ့ဖူးတဲ့ တပ်မတော်သား ၁၀ ယောက်၊ ၁၅ ယောက် လောက်ထဲကပါ။ ဒို့တိုင်းပြည်မှာ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် အသက်ခန္ဓာ ပေးလှူသွားခဲ့တဲ့ တပ်မတော်သားတွေ ထောင်သောင်းချီပြီး ရှိပါတယ်။ ဒီနေ့ နိုင်ငံကို ဦးဆောင်အုပ်ချုပ်နေတဲ့ တပ်မတော်ခေါင်းဆောင်တွေဟာလည်း တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် မိမိအသက်ကို ပဓာန မထားဘဲ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့တဲ့သူတွေပါ၊ ကံကောင်းထောက်မလို့ မသေဘဲ ကျန်ခဲ့သူတွေပါ။ ဒီလို အစဉ်အလာကောင်းတဲ့၊ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက်ဆိုရင် မိမိအသက်ကိုပါစွန့်ရဲတဲ့ တပ်မတော်သား မျိုးတွေနဲ့ ဒီနေ့ဒီအချိန်မှာ အစ်ကိုတို့ လက်တွဲကြဖို့လိုတယ်။ ဒီလို လက်တွဲကြရာမှာ မိမိအကျိုးရှိမှာ၊ မိမိအကျိုးထိခိုက်မှာကို လုံးဝထည့် မတွက်ဘဲ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက်ဆိုတဲ့ ဦးတည်ချက်နဲ့ လက်တွဲလုပ်ဆောင်ကြမယ်ဆိုရင် နိုင်ငံသားအများစုက ဝမ်းပန်းတသာ ကြိုဆိုကြမှာပါညီလေး။

ညီလေး မင်းကိုနိုင်၊ ညီလေးဟာ အကျဉ်းထောင်ထဲမှာ ၁၅ နှစ်လောက်နေခဲ့ရပြီး အပြင်လောကနဲ့ အဆက်အသွယ် ပြတ်သွားခဲ့ရတယ်။ ၂၀၀၄ ခုနှစ်နှောင်းပိုင်း နိုင်ငံတော်မှာ အပြောင်းအလဲအချို့ ဖြစ်ခဲ့တယ်။ နောက်များမကြာမီ ညီလေးကို လွှတ်ပေးလိုက်တယ်။ ဒီအခြေအနေမှာ ညီလေးဟာ နိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်မှန်တွေ၊ နိုင်ငံတော် ဒေသအသီးသီးရဲ့ သဘာဝသယံဇာတ အခြေအနေတွေ၊ ခွဲဝေသုံးစွဲနိုင်မှုအခြေအနေတွေ၊ အလွှာအသီးသီးမှာရှိတဲ့ လူတွေရဲ့ လူနေမှု အဆင့်အတန်းတွေ၊ စိတ်ဓာတ်တွေ၊ အကျင့်စရိုက်တွေကို သိရှိဖို့လိုတယ်။ ဒီလိုသိလာရအောင် နိုင်ငံဒေသအသီးသီးသို့ သွားရောက်ဖို့ လိုအပ်တယ်။ အထူးသဖြင့် မဖွံ့ဖြိုးသေးတဲ့၊ မအေးချမ်းသေးတဲ့ နယ်မြေတွေကို သွားရောက်နေထိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်သင့်တယ်လို့ အစ်ကို ယူဆတယ်။ ဒီလိုပြောလိုက်လို့ ညီလေးကို နိုင်ငံရေးကနေ စိတ်ပြောင်းသွားအောင် စီးပွားရေးနဲ့ မြူဆွယ်တယ်လို့ မထင်လိုက်ပါနဲ့။ စီးပွားရေး လုပ်တယ်ဆိုတာလည်း နိုင်ငံအကျိုးအတွက်ပါပဲ။ နိုင်ငံအကျိုးအတွက် ဒုက္ခသုတ်ခ အဆင်းရဲအပင်ပန်းခံပြီး လုပ်ကိုင်နေကြတဲ့ လယ်ယာလုပ်ငန်းရှင်တွေ၊ ခြံလုပ်ငန်းရှင်တွေ၊ မွေးမြူရေးလုပ်ငန်းရှင်တွေ၊ စက်မှုလုပ်ငန်းရှင်တွေ၊ အရောင်းအဝယ်လုပ်ငန်းရှင်တွေ အများကြီးပါ။ တချို့ဆို လုပ်ငန်းရှင်ဆိုပေမယ့် လိုင်းကားတိုးစီးပြီး လုပ်နေကြတယ်။ ကားတစ်စီး သိန်းငါးရာ၊ တစ်ထောင် ဖြစ်နေတယ်ဆိုတော့ ဘယ် ကားဝယ်နိုင်ပါ့မလဲ။ ကားစီးနေတဲ့ လုပ်ငန်းရှင် တော်တော်များများ ဟာလည်း ကားတစ်စီးကို လေး ငါးသိန်း ပေးရတဲ့အချိန်က ဝယ်ထားကြလို့ပါ။ အချို့က ကိုယ့်ကားကို သိန်းတစ်ရာလောက်ရတော့ ထုတ် ရောင်းလိုက်ကြတယ်။ ရောင်းရတဲ့ငွေကို စီးပွားရေးအလုပ်ထဲ ထည့် လိုက်ကြတယ်။ ကားဈေးက သိန်းငါးရာ တစ်ထောင် ဖြစ်သွားတော့ ပြန်မဝယ်နိုင်တော့ဘူး။ ပြန်ဝယ်နိုင် တယ်ထားဦး သိန်းငါးရာ တစ်ထောင် ဆိုတဲ့ငွေကို ရင်းနှီးမြှုပ်နှံမှု

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❑

## မဟာဗောဓိတစ်ထောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ မဟာထေရ်မြတ်၏ အန္တိမဈာပနသဘင် ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ခန်တောင်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် မဟာပဓာနနာယက ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒ မဟာထေရ်မြတ်၏ အန္တိမဈာပနသဘင် ပူဇော်ပွဲကို (၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၉ ရက်) နိုဝင်ဘာ ၂၈ရက်တွင် မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အခမဲ့သင် မနောရမ္မကျောင်းမှ ကျောင်းသူ ကျောင်းသားများ သောက်သုံးနိုင်ရန်အတွက် ရေအေးစက်တစ်ခုကို အလှူရှင် နတ်ရေကန် ဦးတင်မောင်ထွေးကိုယ်စား အကျိုးတော်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်က နိုဝင်ဘာ ၂၁ ရက်တွင် ဆရာတော် ဦးဝါယမိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ပုသိမ်မြို့ မောင်းထောင်ရာပြည့်ဗိမာန် လေးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်း ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမကျောင်း မောင်းထောင်ရာပြည့်ဗိမာန် လေးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် အဆိုပါကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ပုဗ္ဗာရုံကျောင်း ပဓာနနာယက ရွှေကျင်နိကာယ ရဋ္ဌညျှမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လက မော်ကွန်းကမ္ပည်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ရွှေကျင်ဥက္ကဋ္ဌ မောင်းထောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ မဟောသဓ ပဏ္ဍိတက အမွှေးနံ့သာများဖြင့်ပက်ဖျန်းပေးသည်။

ထို့နောက် အလှူရှင်များကိုယ်စား ရာပြည့်ဗိမာန်လေးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းနှင့် ကျောင်းဆောင်မတည် အလှူရှင် ဆရာမကြီး ဒေါ်လှ၏တူမ ဒေါက်တာ မေမာလာတို့က မှန်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**(အပေါ်ပုံ)**

အဆိုပါ မောင်းထောင်ရာပြည့်ဗိမာန် လေးထပ် ကျောင်းဆောင်သစ်အတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၉၀၀ခန့် ကုန်ကျခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## ပြည်သူ့အားနဲ့ ဖယ်ရှားတွန်းလှန် အဖျက်ရန်

❊ နိုင်ငံတော် သာယာရေးကိုလ
အလေးထားကာ စိတ်ရည်တူစွာနဲ့
ညီအစ်ကို တိုင်းရင်းသားတွေက
ဆွေးနွေးကြ စိတ်ထက်သန်၊
အဖျက်တွေ ဘယ်လိုကြံလာပေမယ့်
ရန်ဟူသမျှ တွန်းလှန်ဖယ်လို့
အခြေခံဥပဒေ ဖော်ဆောင်ရေးကိုဖြင့်
အောင်မြင်ခြင်း ရည်သန်
ညီညွတ်ခြင်းအားမာန်နဲ့
ကျင်းပညီလာခံ။

❊ နီးနှောကြ အပြန်အလှန်
နိုင်ငံအတွက် အင်အားပြု
ညီနောင်ထု ကိုယ်စားလှယ်
ရေရှည်မယ် နိုင်ငံတိုးတက်စေဖို့
အနာဂတ်ဝယ် ပြည်သူတွေအကျိုးရှိစေဖို့
အဓွန့်ရှည်အောင် နိုင်ငံတည်စေဖို့
ကြံရွယ်ကာ မျှော်ရည်တွေးလို့
ဆွေးနွေးကြတယ်။

❊ ပြည်တွင်းနဲ့ ပြည်ပရန်စွယ်
ရှိနေတယ် သတိထား၊
အဖျက်ရန် မှန်သမျှ
မြုံမှုပင် မကျန်အောင်
ညီနောင်ဆွေ ပြည်သူ့အားနဲ့
တွန်းလှန်ဖယ်ရှား။ ။

**(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်)**

**အရှင်သုမန (မအူပင်မြို့)**

**❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

လုပ်လိုက်ရင် ကိုယ့်သားသမီး နောင်ရေး အတွက်ရော ကိုယ့်နိုင်ငံအတွက်ပါ အများကြီး အကျိုးရှိတယ်ဆိုတော့ ကားဝယ်မစီးကြတော့ဘူး။ ဒီတော့ ယခုလို တိုင်းပြည်ကြီးကို ပြည်သူလူထု အများစုက ဒုက္ခသုတ်ခံပြီး ပြန်လည်ထူထောင်နေချိန်မှာ ညီလေးလည်း လိုင်းကားတိုးစီးရင်း၊ ရထားတိုးစီးရင်း စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်စေ ချင်ပါတယ်။ ညီလေးဟာ ရန်ကုန်သားဖြစ်လို့ ရန်ကုန်အတွေ့အကြုံကို ရပြီးတာမို့ ဖြစ်နိုင်ရင် ကရင်ပြည်နယ်တို့၊ မွန်ပြည်နယ်တို့၊ တနင်္သာရီတိုင်း တို့ဘက်မှာ လုပ်စေချင်တယ်။ အစ်ကို့လုပ်ငန်းတွေလည်း အဲဒီဘက်မှာ ရှိတယ်။ ညီလေးလုပ်ကိုင်ချင်တဲ့ဆန္ဒရှိရင် အစ်ကို အစစအရာရာ ကူညီပေးပါမယ်။ ဒီပြည်နယ်နဲ့ တိုင်းတွေဘက်ကို မသွားချင်ရင် တောင်ငူ ညောင်လေးပင်ဘက်က ကျေးရွာတွေ၊ ရွှေကျင်ကျောက်ကြီး ဘက်က ကျေးရွာတွေမှာ သွားရောက်လုပ်ကိုင်ရင်လဲ အတွေ့အကြုံကောင်းတွေ ရနိုင်ပါတယ်ညီလေး။

ညီလေး မင်းကိုနိုင်၊ အစ်ကိုတို့ကျောင်းတုန်းက သင်ခဲ့ရတဲ့ အာခိမိဒိနိယာမကို ပြန်သတိရမိတယ်။ တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်ကြီးက သူဆောင်းဖို့ ရွှေသရဖူတစ်ခု ပန်းထိမ်ဆရာကို လုပ်ခိုင်းတယ်။ ပန်းထိမ်ဆရာလုပ်ပေးတဲ့ ရွှေသရဖူဟာ ရွှေစစ်မစစ်၊ ကြေးရောမရော ဘုရင်ကြီးက သိချင်တယ်။ ဒါကြောင့် သိပ္ပံပညာရှင် အာခိမိဒိကို တာဝန်ပေးတယ်။ အာခိမိဒိဟာ ဘုရင်ကြီးရဲ့ ရွှေသရဖူ ရွှေစစ် မစစ်ကို ဘယ်လိုစစ်ဆေးရမယ်ဆိုတာ အကြံအိုက်နေတယ်။ ဒီလို အကြံအိုက်ရင်းနဲ့ပဲ တစ်နေ့မှာ အာခိမိဒိဟာ ရေချိုးခန်းထဲက ရေဇလုံကြီးထဲ ဝင်စိမ်လိုက်တယ်။ အဲဒီရေဇလုံကြီးထဲ စိမ်တဲ့အတွေ့အကြုံကနေ ဘုရင်ကြီးရဲ့သရဖူ ရွှေစစ် မစစ် ဘယ်လိုစစ်ဆေးရမယ်ဆိုတဲ့အဖြေကို အာခိမိဒိ သိသွားတယ်။ အာခိမိဒိလည်း ဝမ်းသာအားရနဲ့ရေချိုးခန်းထဲကနေ အဝတ်အစားမပါဘဲ ပြေးထွက်လာပြီး လမ်းမပေါ်မှာ ကိုယ်လုံးတီးနဲ့ အဖြေတွေ့ပြီ၊ အဖြေတွေ့ပြီလို့ အော်နေတော့တယ်။ ဒီအဖြစ်အပျက်ကို ကြည့်ရင် **အဖြေမှန်တစ်ခု ရဖို့အတွက်အတွေ့အကြုံဆိုတာလိုပါတယ်ညီလေး။ ဒါကြောင့်ညီလေးဟာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အတွေ့အကြုံကောင်းတွေရဖို့အတွက် နယ်စွန်နယ်ဖျားက ကျေးလက်ဒေသတွေမှာနေထိုင်ပြီး စီးပွားရေးလုပ်ငန်း လုပ်သင့်တယ်။ အဲဒီအခါမှာ ညီလေးဟာ အတွေ့အကြုံကောင်းတွေ ရလာပြီး မြန်မာနိုင်ငံအတွက် ညီလေးတို့ဖြေရှင်းနေတဲ့ ပြဿနာရဲ့အဖြေမှန်ကို တွေ့လာလိမ့်မယ်။ ညီလေး နယ်စပ်ဒေသတွေမှာ စီးပွားရေးလုပ်မယ်ဆိုရင် အစ်ကိုလက်ကမ်းကြိုဆိုနေပါမယ်။**

ညီလေး မင်းကိုနိုင်၊ အစ်ကိုဟာ ဘယ်ပါတီ ဘယ်အသင်းအဖွဲ့ဝင်မှ မဟုတ်ပါဘူး။ ငါးမွေးမြူရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သော်လည်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်းတို့ကို မဝင်ခဲ့ပါဘူး။ လူကြီးတစ်ယောက်က ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ ဝင်ရန်ပြောပြီး ဝင်ခွင့်ပုံစံပေးတာတောင် အစ်ကိုမဝင်ခဲ့ဘူး။ အစ်ကိုဟာ ရန်ကုန်တိုင်းမ်နဲ့ 7 Days ဂျာနယ်တွေမှာ (ငါးမင်းဆွေ) ကလောင်နာမည်နဲ့ ဆောင်းပါးတွေရေးပါတယ်။ အစ်ကို စာရေးတဲ့အခါမှာ ဘယ်သူဘယ်ဝါရဲ့ လွှမ်းမိုးမှုကိုမျှ မခံယူပါဘူး။ ကိုယ့်အမြင် ကိုယ့်အတွေးအခေါ် အယူအဆအတိုင်းပဲ လွတ်လွတ်လပ်လပ် ရေးပါတယ်။ ကိုယ့်ဝမ်းနာ ကိုယ်သိဆိုသလို စာရေးခြင်းတွင် ထင်ပေါ်လာတာနဲ့အမျှ အစ်ကို့အတွက် မကောင်းဘူးဆိုတာလည်းသိတယ်။ ရန်ကုန်တိုင်းမ် ဂျာနယ်မှာ အစ်ကိုရေးခဲ့တဲ့ “ခြလား၊ ပျားလား” ဆောင်းပါးမှာဆိုရင် ‘ခြအုံစွဲသည့် အခြေအနေမျိုးသို့ ရောက်နေသော နိုင်ငံတစ်နိုင်ငံတွင် လူနည်းစုခြတို့သာ ကြီးပွားချမ်းသာကြပြီး နိုင်ငံသားလူများစု၏ ဘဝတို့မှာ မရေမရာ ဖြစ်ကြရသည်။ ကျွန်တော်တို့သည် နိုင်ငံနှင့်လူမျိုးကို ကိုက်ဖဲ့စားသောက် နေသောခြများ မဖြစ်သင့်ကြပါ။ နိုင်ငံနှင့်လူမျိုးကို ကိုယ်ဖဲ့စားသောက်ရင်း သေခြင်းသို့ မရောက်သင့်ပါ။ ခြစွဲ၊ ခြစားခြင်းကို ခံရသော နိုင်ငံကား အချိန်မီကုစားပြုပြင်ခြင်းမလုပ်နိုင်ခဲ့ပါလျှင် ချည့်နဲ့ပျက်စီး၊ ယိုင်လဲသွားနိုင်ပါသည်’လို့ အစ်ကို့အယူအဆကို လွတ်လွတ်လပ်လပ်ပဲ ရေးခဲ့တယ်။ ဒီစာကို အစ်ကို့ သဘောဆန္ဒ တစ်ခုတည်းနဲ့ လွတ်လွတ်လပ်လပ် ရေးလိုက်တာပါညီလေး။

**ညီလေး မင်းကိုနိုင်၊ ညီလေး သိလာမြင်လာအောင် နောက်ဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်လုပ်ပါမယ်။ အစ်ကို့မှာ ငါးကန်တွေ ရှိပါတယ်။ ဆားကွင်းတွေလည်း ရှိပါတယ်။ ငါးမွေးတာက ငါးစာဈေးကြီးလို့ ဒီနှစ်တွေမှာ အမြတ်မရှိပါဘူး။ ပြည်သူလူထုငါးစားရတာ၊ တိုင်းပြည်မှာ နိုင်ငံခြားသုံးငွေ တိုးပွားလာတာ အမြတ်ပေါ့။ ဆားကတော့ ဒီနှစ်ဈေးကောင်းပါတယ်။ ဆားရောင်းပြီးရင် ငွေပိုငွေလျှံ ထွက်လာပါမယ်။ ဒီငွေနဲ့ ငါးမွေးမြူရေး မဖွံ့ဖြိုးသေးတဲ့ ကရင်ပြည်နယ်မှာ ငါးကန်တူးဖို့ စဉ်းစားနေတယ်။ ဒီလိုလုပ်ငန်းကြီးတွေ ပိုင်ဆိုင်လို့ အထင်မကြီးပါနဲ့ ညီလေး။ ကိုယ်ပိုင်ကားတစ်စီး မရှိသေးပါဘူး။ အစ်ကိုတို့လို စီးပွားရေး လုပ်ငန်းရှင်တွေတောင် ဒီလိုအခက်အခဲ ဖြစ်နေကြရင်၊ လူနေမှုအဆင့်တွေ နိမ့်ကျနေကြရင် ကျန်တဲ့အခြေခံလူတန်းစား မြန်မာနိုင်ငံသား အများစုတွေမှာ ဘယ်လိုအခက်အခဲတွေ၊ အကျပ်အတည်းတွေ ရှိနေကြမယ်ဆိုတာ နားလည်ကြဖို့၊ သိကြဖို့၊ ကိုယ်ချင်းစာကြဖို့ ကောင်းပါပြီ။ ဒါကြောင့် ဒို့နိုင်ငံသားအများစု ကြီးပွားချမ်းသာဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားဖို့အတွက် ဟိုဟာဒီဟာတွေ ခဏထားပြီး ဒို့တစ်တွေ မဖြစ်မနေ ညီညွတ်ကြရမယ်။ ရှင်းတယ်နော် ညီလေး။ ။**

**အစ်ကို**
**၇၅ မင်းဆွေ**

## ဓာတ်ရောင်ခြည်ပညာအဖွဲ့ ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဓာတ်ရောင်ခြည်အဖွဲ့ငယ်၏ စဉ်ဆက်မပြတ် (C.M.E) ဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ရက်တို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော ဓာတ်မှန်ဆရာဝန်များ၊ အဏုမြူရောင်ခြည်ဆိုင်ရာ ဆရာဝန်များ၊ ဓာတ်ရောင်ခြည် ဆေးကုသမှုဆိုင်ရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များသည် ဒီဇင်ဘာ ၆ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်မှန်ဌာနတွင် လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**သန်လျင် အထက (၂) ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှတတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်မြတ်ဘုန်းကျော်အား ကျောင်းအုပ် ဆရာကြီး ဦးအာရ်မြလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၅၂၇)

# ပြည်တွင်း၌ထွက်သော်လည်း လုံလောက်မှုမရှိ၍ ပြည်ပကတင်သွင်းရသည့် ဆေးဝါးကုန်ကြမ်းများကို ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံသည်သာမက ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း

❖ **နိုင်ငံ၏အချက်အချာမှ**

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်းမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါးစစ်ဆေးရေး ဇဟိုကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သောသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖတ်ကြားသည်။

**(ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ အဆင့်အတန်းမြင့်မားသည့် မြန်မာ့အနုသုခုမပညာရပ်များ၊ နက်နဲသိမ်မွေ့သည့် ပန်းဆယ်မျိုး၊ မြန်မာ့လက်မှုအနုပညာရပ်များ စသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပညာရပ်များဖြင့် လွန်စွာမှ ပြည့်ဝစုံလင်လှသည့် ဂုဏ်ယူဝင့်ကြွားဖွယ် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သောသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဖတ်ကြားစဉ်။** (သတင်းစဉ်)

ထို့ကြောင့် အမျိုးသားရေးဂုဏ်ဒြပ်များဖြစ်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပညာရပ်များကို အချိန်ကာလ၏ တိုက်စားမှုဒဏ်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုဒဏ်တို့ကြောင့် ယိုယွင်းတိမ်းပါးမသွားစေရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ရိုးရာအမွေအနှစ်ပညာရပ်များ ခေတ်နှင့်ရင်ပေါင်တန်းပြီး နည်းလမ်းတကျ ဖွံ့ဖြိုးတိုးတက် ထွန်းကားပြန့်ပွားစေရအောင် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များသည် မြန်မာ့ခေတ်သစ်သမိုင်းဦးအစဟုဆိုရမည့် တကောင်း၊သရေခေတ္တရာ၊ ပုဂံမြို့ပြနိုင်ငံများ၏ ခေတ်ကာလများမှာ အခြေခိုင်ခဲ့သည့် ဆေးပညာရပ်များအဖြစ် တင့်တင့်တယ်တယ် တည်ရှိနေခဲ့ပြီဆိုသည်မှာ ခိုင်မာသည့် သမိုင်းအထောက်အထားများ ရှိထားပြီးဖြစ်ကြောင်း။

ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ မှူးမတ်ပညာရှိများ၊ ကျမ်းပြုသုတေသီရဟန်းပညာရှင်များ၏ ပြုစုပျိုးထောင်ပေးခဲ့မှု အကျိုးကျေးဇူးများကြောင့် အညွှန့်အခက်ဝေဆာသည့် ဆေးပညာရပ်များအဖြစ် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည့်အတွက် ယနေ့ထက်တိုင် တစ်မျိုးသားလုံး ဂုဏ်ယူလေးစားအားထားဖွယ် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည့်အတွက် မြန်မာ့တိုင်းရင်းဆေးပညာရပ်များသည် မြန်မာလူမျိုးတို့ ယုံကြည်ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓသာသနာ၏ ဒေသနာတော်များ၊ မြန်မာ့လူမှုဓလေ့စရိုက်အစဉ်အလာများ၊ ရိုးရာတွေးခေါ်မြော်မြင်မှုအယူအဆများ၊ ပေါင်းစည်းစိမ့်ဝင်ထုံမွမ်းနေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဆေးဝါး၊ ကုထုံးအသွယ်သွယ်တို့သည်လည်း မြန်မာ့ရေမြေသဘာဝ၊ ဥတုရာသီ၊ မြေထွက်ရေထွက် တိရစ္ဆာန်ထွက် သယံဇာတများနှင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

**အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တိုင်းရင်းဆေးကောင်စီဝင်သမားတော်ကြီးများနှင့် ညီလာခံသို့ တက်ရောက်လာသည့် တိုင်းရင်းဆေးသမားတော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ယင်းသို့ ကောင်းမြတ်သည့်ဂုဏ်ဒြပ်များနှင့် ပြည့်စုံကုံလုံနေသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း၊ ခေတ်အဆက်ဆက်၌ မြန်မာလူမျိုးတို့ကို ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်မြင့်မားသည့် လူမျိုးဖြစ်လာစေရအောင် စောင့်ရှောက်ပေးခဲ့သည့် အစွမ်းထက်သည့် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရင်း ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်အရှည်တည်တံ့ထွန်းကားပြန့်ပွားစေရအောင် အားပေးမြှင့်တင်ပေးရမည့်တာဝန်သည် ယနေ့ တိုင်းရင်းဆေးသမားတော်ကြီးများနှင့်တကွ မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားအားလုံးအပေါ်တွင် ကျရောက်လျက်ရှိနေပြီဖြစ်ကြောင်း။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာအစဉ်အလာမပျက် ထက်မြက်သည့်အာနိသင်များ မယိုယွင်းမလျော့ပါးစေဘဲ နည်းလမ်းတကျ ဆက်လက်ရှင်သန်ထွန်းကားစေရအောင် အားပေးဆောင်ရွက်သွားဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီပစ္စည်းကိရိယာများ၊ ခေတ်မီနည်းစဉ်များနှင့် ပေါင်းစပ်ပြီး စနစ်တကျသုတေသနပြု စံချိန်စံညွှန်းဖော်ထုတ်သွားရန်နှင့် ခေတ်မီသိပ္ပံပညာ၏ဆန်းစစ်မှုကို ခံယူနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်ပေးထားပြီးဖြစ်ကြောင်း။**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ရိုးရာအစဉ်အလာ အာနိသင်မပျက် ရှင်သန်ထွန်းကားစေရေးအပိုင်းတွင် မေးမှိန်ပျောက်ကွယ်လုဖြစ်နေသည့် ဆေးပညာရပ်များ၊ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် ဆေးပညာဆိုင်ရာ ပေပုရပိုက်များနှင့် ပရဆေးကျမ်းများ၊ အစွမ်းထက်ကုထုံးများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများ၊ အဖိုးထိုက်တန်လှသည့် ဆေးဖက်ဝင်ပရဆေးပင်နှင့် ဆေးဖက်ဝင် သဘာဝသယံဇာတများ ပြန်လည်ဖော်ထုတ်နိုင်စေရန် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်း ဒေသအသီးသီးတွင် ပျံ့နှံ့ရောက်ရှိနေသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဒေသအလိုက် သမားစဉ်အလိုက် အသင်းအဖွဲ့အလိုက် ပြန့်ကျဲတည်ရှိနေသည့် ဆေးပညာရပ်အသွယ်သွယ်၊ ကုထုံးကုနည်းအမျိုးမျိုး၊ အစွမ်းထက်သည့် ဆေးဝါးအဖုံဖုံတို့ကို ပြန်လည်ဖော်ထုတ် စုစည်းနိုင်စေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ မြို့ကြီးများ အသီးသီးတွင် အလှည့်ကျကျင်းပပေးခဲ့သည့် တိုင်းရင်းဆေးပညာ ဆွေးနွေးပွဲများမှသည် အမျိုးသားအဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး သတ္တမအကြိမ်မြောက် အောင်မြင်ဖြစ်ထွန်းနေသည်အထိ အနယ်နယ်အရပ်ရပ်က မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ နှစ်စဉ်ဆုံစည်း ပညာဖလှယ်ကြသည့် အစဉ်အလာကောင်းများ ယနေ့ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထူးခြားလေးနက်သည့် အောင်မြင်ဖြစ်ထွန်းမှုတစ်ရပ်မှာ မြန်မာ့တိုင်းရင်းဆေးပညာရပ်အသီးသီး၏ ကောင်းမြတ်သည့် အကျိုးအာနိသင်အမျိုးမျိုး၊ ထက်မြက်သည့် အစွမ်းသတ္တိအဖုံဖုံတို့ကို ညီညွတ်စွာ ပေါင်းစည်းပေးနိုင်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များအသင်းကြီး ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

အလားတူပင် မြန်မာ့တိုင်းရင်းဆေးပညာရပ်များနှင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီပစ္စည်းကိရိယာများ၊ ခေတ်မီနည်းစဉ်များနှင့် ပေါင်းစပ်သုတေသနပြု၊ စံချိန်စံညွှန်းများ ဖော်ထုတ်ရေးအပိုင်းတွင် နိုင်ငံတော်အစိုးရ ဆေးသုတေသနဌာနများက ဦးဆောင်ပြီး အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများနှင့် ကုထုံးကုကွက်များကို သိပ္ပံနည်းကျ သုတေသနပြု၊ စံချိန်စံညွှန်းများ မှတ်တမ်းတင်မှုများ၊ ရရှိသည့် စံချိန်စံညွှန်းများနှင့်အညီ ခေတ်မီနည်းစဉ်များ အသုံးပြုပြီး ဆေးဝါးများ စမ်းသပ်ထုတ်လုပ်မှုများ၊ နိုင်ငံအတွင်း အဖြစ်များသည့် ရောဂါများ၊ အနောက်တိုင်းဆေးဝါးနှင့်ကုသ၍ မပျောက်ကင်းနိုင်သည့် ရောဂါဆန်းများအတွက် တိုင်းရင်းဆေးဝါးများ သုတေသနပြုထုတ်လုပ်မှုများ၊ အနောက်တိုင်းဆေးပညာ၊ ဆေးရုံသုံး ခေတ်မီပစ္စည်းကိရိယာများနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပေါင်းစပ်ကုသမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများလည်း ရရှိနေပြီဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ နည်းလမ်းတကျ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် အဓိကကျသည့် တိုင်းရင်းဆေးပညာ စနစ်တကျ ထွန်းကားပြန့်ပွားရေးနှင့် မျိုးဆက်သစ် တိုင်းရင်းဆေးသမားတော်များ ပြုစုပျိုးထောင်

မွေးထုတ်ပေးရေးတို့အတွက် တိုင်းရင်းဆေးဆ
ပညာ ဒီပလိုမာသင်တန်းများအပြင် အဆင့်မြင့်
တစ်ခုလည်း ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ မြန်
လေ့ကျင့်သင်ကြားပေးရာတွင် တညီတညွတ်
တိုးတက်ရေးအတွက် နယကြီး(၄)ပါး၏ အခြေ
အသီးသီး၏ အနှစ်သာရအဆီအနှစ်များ စုစည်
ပညာ သင်ရိုးညွှန်းတမ်းများအပြင် ဇီဝဗေဒ၊
ဆေးဝါးပညာနှင့်ဆက်နွယ်သည့် ခေတ်မီသ
ဘာသာရပ်များကိုပါ ထည့်သွင်းပြီး စနစ်တကျ
ရှိကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်
တော်တွင်တည်ရှိပြီးဖြစ်သည့် ပရဆေးမျိုးထိ
ပေါက်ရောက်သည့် ပရဆေးမျိုးကွဲမျိုးစိတ်မျာ
စိုက်ပျိုး စောင့်ရှောက်ထားပြီး ပြည်တွင်းပြည်
လေ့လာနိုင်သည်အထိ အဆင့်အတန်းမြင့်မာ
ပရဆေးဥယျာဉ်ကြီးအဖြစ် အဆင့်မြှင့်ပြုစုပျိုး
လမ်းညွှန်ခဲ့သည့်အတွက် မကြာမီသောကာလ
အချာဒေသဖြစ်သည့် နေပြည်တော်၌ နိုင်ငံတက
တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ပေါ်
သတင်းကောင်းပါးလိုကြောင်း၊ ပရဆေးဥယျ
ပြည့်မြောက်အောင်မြင်စွာဖြစ်ထွန်းလာစေရန် ဝိ
တိုင်းရင်းဆေးသမားတော်များကို ပန်ကြားလို

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြ
နိုင်ငံတော်အစိုးရ၏ မူဝါဒမှန်ကန်မှုနှင့် စနစ်
တိုင်းရင်းဆေးသမားတော်ကြီးများ၏ တစ်စိတ
ညီညွတ်စွာ ပေါင်းစည်းအားထုတ်မှုများကြောင့်
တိုင်းရင်းဆေးပညာသည် တစ်ချိန်သောအခါ
အောင်မြင်တောက်ကြွားခဲ့သည့် တော်ဝင်နန်း
အဆင့်အတန်းကို ပြန်လည်ရောက်ရှိစပြုနေပြ
နိုင်ငံသားများအကြား ကျေးလက်ရောမြို့ပြ
ကျယ်ကျယ်ပြန့်ပြန့် အားထားအသုံးပြုလာကြ
ဖြစ်ကြောင်း။

ထို့အပြင် ပြည်နယ်၊တိုင်း၊မြို့ကြီးများ၌
ဆေးရုံကြီးများ ပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ နိုင်
နည်းစဉ်များ၊ ထုပ်ပိုးသိုလှောင်မှုစနစ်များ အ
တိုင်းရင်းဆေးဝါးလုပ်ငန်းကြီးများလည်း ပုဂ္ဂ
ပြန့်ပြန့် အောင်အောင်မြင်မြင် ဖြစ်ထွန်းလျက

နိုင်ငံတကာကိုကြည့်လျှင်လည်း ဓာတုဗ
အနောက်တိုင်းဆေးဝါးများ၏ ဘေးထွက်ဆိုး
များကြောင့် သဘာဝကိုအခြေခံပြီး ဇီဝနည်း
ဆေးဝါးများကို ပြန်လည်အားထားလာကြ
ကြောင်း၊ အချို့သော အိမ်နီးချင်းနိုင်ငံများ အာ
ဆေးကို နိုင်ငံတကာက သိမြင်အောင်ကြိုး
တွင် နေရာရ စီးပွားဖြစ်ထွန်းနေကြသည်က
ကြောင်း။

ထို့ကြောင့် ပင်ကိုအားဖြင့် အနှစ်သာ
နက်ရှိုင်းအခြေခိုင်ခဲ့သည့် ပညာရပ်စစ်စစ်တစ်ခု
ပညာနှင့် အာနိသင်အစွမ်းထက်လှသည့် မြ
နိုင်ငံတကာက လက်ခံနိုင်သည်အထိ သိပ္ပံနည်း
နည်းလမ်းတကျ စီမံဆောင်ရွက်ပေးနိုင်သည်
အောင်မြင်ကျော်ကြားနိုင်သည့်အခြေအနေကော
ရှိထားပြီးဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးဝါးမျ
ထက်မြက်မှု၊ ဘူမိဇီဝ ရက္ခသဘာဝရင်းမြစ်များက
အနေနှင့် ဘေးထွက်ဆိုးကျိုး ကင်းရှင်းပြီး အာနိ
ဆေးဝါးများအပေါ် မျှော်လင့်အားထားနေမှု အ
အစိုးရနှင့် တိုင်းရင်းသားပြည်သူများက မြန်မာ့

**မြန်မာ့တိုင်းရင်းဆေးပညာ၏ ထူးခြားသည်**
**နှင့် အစွမ်းသတ္တိများ မပျက်ယွင်းစေဘဲ မြန်မာ**
**ဆေးပညာကို နိုင်ငံတကာက လက်ခံနိုင်သည့် သိ**
**တိကျခိုင်မာသော ဆေးပညာရပ်တစ်ခုအဖြစ်**
**လာစေရေးမှာလည်း တိုင်းရင်းဆေးသမားတော**
**၏ အမြော်အမြင်ကြီးမားမှု၊ သဘောထားကြီး**
**အကျိုး မျှော်ကိုးမှုတို့၏ စေ့ဆော်မှု စွမ်းအားများ**

မွေးထုတ်ပေးရေးတို့အတွက် တိုင်းရင်းဆေးဆရာသင်တန်းများ၊ တိုင်းရင်းဆေးပညာ ဒီပလိုမာသင်တန်းများအပြင် အဆင့်မြင့်တိုင်းရင်းဆေး တက္ကသိုလ်ကြီးတစ်ခုလည်း ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ လေ့ကျင့်သင်ကြားပေးရာတွင် တညီတညွတ်တည်းဖြစ်စေရေးနှင့် ခေတ်မီတိုးတက်ရေးအတွက် နယကြီး(၄)ပါး၏ အခြေခံများ၊ တိုင်းရင်းဆေးပညာရပ် အသီးသီး၏ အနှစ်သာရအဆီအနှစ်များ စုစည်းပြုစုထားသည့် တိုင်းရင်းဆေးပညာ သင်ရိုးညွှန်းတမ်းများအပြင် ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ စသည့် ဆေးဝါးပညာနှင့်ဆက်နွယ်သည့် ခေတ်မီသိပ္ပံပညာရပ်ဆိုင်ရာ အခြေခံဘာသာရပ်များကိုပါ ထည့်သွင်းပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည်တော်တွင်တည်ရှိပြီးဖြစ်သည့် ပရဆေးမျိုးထိန်းဥယျာဉ်ကို မြန်မာနိုင်ငံ၌ ပေါက်ရောက်သည့် ပရဆေးမျိုးကွဲမျိုးစိတ်များ ပြည့်စုံ စုံလင်စွာ ထိန်းသိမ်းစိုက်ပျိုး စောင့်ရှောက်ထားပြီး ပြည်တွင်းပြည်ပ တိုင်းရင်းဆေးပညာရှင်များ လေ့လာနိုင်သည်အထိ အဆင့်အတန်းမြင့်မားသည့် နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးအဖြစ် အဆင့်မြှင့်ပြုစုပျိုးထောင် တည်ဆောက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် မကြာမီသောကာလအတွင်းတွင် နိုင်ငံ၏ အချက်အချာဒေသဖြစ်သည့် နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ပေါ်ထွန်းလာတော့မည်ဖြစ်သည်ဟု သတင်းကောင်းပါးလိုကြောင်း၊ ပရဆေးဥယျာဉ်ကြီး မျှော်မှန်းချက်နှင့်အညီ ပြည့်မြောက်အောင်မြင်စွာဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကူညီပေးကြပါဟုလည်း တိုင်းရင်းဆေးသမားတော်များကို ပန်ကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၏ မူဝါဒမှန်ကန်မှုနှင့် စနစ်တကျ အားပေးဆောင်ရွက်မှု၊ တိုင်းရင်းဆေးသမားတော်ကြီးများ၏ တစ်စိတ်တည်းတစ်ဝမ်းတည်း စုစည်းညီညွတ်စွာ ပေါင်းစည်းအားထုတ်မှုများကြောင့် ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် တစ်ချိန်သောအခါက မြန်မာ့ထီးရိပ်နန်းရိပ်တွင် အောင်မြင်တောက်ပြောင်ခဲ့သည့် တော်ဝင်နန်းထိုက် ဆေးပညာရပ်တစ်ခု၏ အဆင့်အတန်းကို ပြန်လည်ရောက်ရှိစပြုနေပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအကြား ကျေးလက်ရေမြို့ပြပါ ပြန်လည်ရေပန်းစားပြီး ကျယ်ကျယ်ပြန့်ပြန့် အားထားအသုံးပြုလာကြသည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့အပြင် ပြည်နယ်၊တိုင်း၊မြို့ကြီးများ၌ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းဆေးရုံကြီးများ ပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်မှုနည်းစဉ်များ၊ ထုပ်ပိုးသိုလှောင်မှုစနစ်များ အသုံးပြုထုတ်လုပ်သည့် ခေတ်မီတိုင်းရင်းဆေးဝါးလုပ်ငန်းကြီးများလည်း ပုဂ္ဂလိက ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် အောင်အောင်မြင်မြင် ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတကာကိုကြည့်လျှင်လည်း ဓာတုဗေဒနည်းအရ ထုတ်လုပ်သည့် အနောက်တိုင်းဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ ဈေးနှုန်းကြီးမြင့်မှုများကြောင့် သဘာဝကိုအခြေခံပြီး ဇီဝနည်းအရထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများကို ပြန်လည်အားထားလာကြသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ အချို့သော အိမ်နီးချင်းနိုင်ငံများ အာရှနိုင်ငံများသည် ရိုးရာတိုင်းရင်းဆေးကို နိုင်ငံတကာက သိမြင်အောင်ကြိုးစားပြီး နိုင်ငံတကာဈေးကွက်တွင် နေရာရ စီးပွားဖြစ်ထွန်းနေကြသည်ကိုလည်း တွေ့မြင်ရလျက်ရှိကြောင်း။

ထို့ကြောင့် ပင်ကိုအားဖြင့် အနှစ်သာရပြည့်ဝပြီး အလွန်ကျယ်ဝန်းနက်ရှိုင်းအခြေခိုင်ခဲ့သည့် ပညာရပ်စစ်စစ်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် အာနိသင်အစွမ်းထက်လှသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာက လက်ခံနိုင်သည်အထိ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်စေရအောင် နည်းလမ်းတကျ စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတကာသို့တိုင် အောင်မြင်ကျော်ကြားနိုင်သည့်အခြေအနေကောင်း အလားအလာကောင်းများ ရှိထားပြီးဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးဝါးများ၏ ပင်ကိုအစွမ်းအာနိသင်ထက်မြက်မှု၊ ဘူမိဇီဝ ရုက္ခသဘာဝရင်းမြစ်များကိုသာ အသုံးပြုမှုနှင့် နိုင်ငံတကာအနေနှင့် ဘေးထွက်ဆိုးကျိုး ကင်းရှင်းပြီး အာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများအပေါ် မျှော်လင့်အားထားနေမှု အခြေအနေများရှိသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများအပေါ် ယုံကြည်အားထားအားပေးမြှောက်စားနေကြသည့် အခြေအနေအချိန်အခါကောင်းကို အကျိုးရှိထိရောက်စွာအသုံးချပြီး မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာသို့ တက်လှမ်းနိုင်စေရအောင် တိုင်းရင်းဆေးသမားတော်ကြီးများအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ပြသထားသော တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးပညာသည် အဆင့်အတန်းမြင့်မားလှသကဲ့သို့ အခြေအမြစ်ခိုင်ခဲ့ပြီး အလွန်တရာသိမ်မွေ့နက်ရှိုင်းသည့် ပညာရပ်စစ်တစ်ခုဖြစ်သည်ဆိုသည်ကို တိုင်းရင်းဆေးသမားတော်ကြီးများ အသိဆုံးပင်ဖြစ်ကြောင်း၊ သဘာဝတရားနှင့် ညီညွတ်သကဲ့သို့ မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် ဆီလျော်ညီညွတ်သည့် ဆေးပညာရပ်တစ်ခုလည်းဖြစ်ကြောင်း၊ ယင်းသို့ အဖိုးမဖြတ်နိုင်အောင် သိမ်မွေ့နက်နဲသည့် ပညာရပ်တစ်ခုအရှည်တည်တံ့ခိုင်ခံ့ရေးတွင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှု၊ နည်းလမ်းတကျ ပညာဆင့်ပွားအမွေပေးမှု အလေ့အထကောင်းများ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေရန်လိုအပ်ကြောင်း။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းလာခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ဆေးကျမ်းအထွေထွေကို ပြုစုစီရင်ခဲ့ကြသည့် ပညာရှင်ကြီးများ၏ အတွေ့အကြုံနှင့် ပညာခန်းအဆီအနှစ်များ စုဝေးဖြစ်တည်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာကို အယူအဆ မလွဲမမှား၊ အာနိသင် မပျက်မယွင်း၊ ပညာခန်း မတိမ်းပါး မချွတ်ချော်စေဘဲ မျိုးရိုးသစ်အစဉ်အဆက်ကို လွှဲအပ်ခဲ့နိုင်ရေးတွင် တိုင်းရင်းဆေး သမားတော်ကြီးများ၏ စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများ အထူးလိုအပ်လျက်ရှိနေကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ၏ ထူးခြားသည့် ဂုဏ်ရည်နှင့် အစွမ်းသတ္တိများ မပျက်ယွင်းစေဘဲ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာက လက်ခံနိုင်သည့် သိပ္ပံနည်းကျ တိကျခိုင်မာသော ဆေးပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေရေးမှာလည်း တိုင်းရင်းဆေး သမားတော်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ သဘောထားကြီးမားမှု၊ နိုင်ငံ့အကျိုးမျှော်ကိုးမှုတို့၏ စေ့ဆော်မှု စွမ်းအားများ လိုအပ်ကြောင်း။

တော်ဝင်နန်းသုံးဆေးဝါးများ၊ ဆရာစဉ် သမားဆက် ပြုစုပျိုးထောင်သုံးစွဲခဲ့ကြသည့် အစွမ်းထက်သည့် ဆေးဝါးများ၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း အမွေခံထိန်းသိမ်းခဲ့ကြသည့် ဆေးဝါးကောင်းများ၊ ဆေးပညာရပ်အလိုက် ရောဂါစစ်ဆေးဖော်ထုတ်မှု၊ ကုထုံးရွေးချယ်မှု၊ ဆေးချက်ချမှတ်မှုများ ပါဝင်သည့် ကုထုံးကုကွက်များ စသည့် ဆေးဝါးနှင့် ကုထုံးတစ်ခုချင်းစီ၏ အာနိသင် ဂုဏ်သတ္တိအကျိုးများ ဖော်ထုတ်မှတ်တမ်းတင်ပြီး စံနှုန်းများ သတ်မှတ်နိုင်ရန်နှင့် ကုထုံးကုကွက်များ တိကျမှန်ကန်ပြီး တစ်ပြေးညီဖြစ်စေရန်ဆိုရာတွင် စုပေါင်းအားထုတ်မှုဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးဝါးများသည် ဘေးထွက်ဆိုးကျိုး လွန်စွာနည်းပါးပြီး ပင်ကိုအားဖြင့် အစွမ်းအာနိသင်ထက်မြက်ပြီး ဖြစ်ကြောင်း၊ ဤသည်မှာ မြန်မာ့တိုင်းရင်းဆေး၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးလည်းဖြစ်ကြောင်း၊ ယင်းဂုဏ်သိက္ခာနှင့် တန်ဖိုးကို မငဲ့ကွက်ဘဲ အနောက်တိုင်းဆေးဝါးများ ရောနှောဖော်စပ်ထားသည့် အမည်ခံ တိုင်းရင်းဆေးများ၊ စံမမီဆေးဝါးများ ထုတ်လုပ်သည့် ဝိသမစီးပွားရေးသမားများ တိုင်းရင်းဆေးလောကအတွင်း ဝင်ရောက်မလာစေရအောင် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်ကြီးများက ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်း၊ ပြည်သူများကျန်းမာရေးအသိအမြင် လွဲမှားစေမည့် လွန်ကဲစွာ ကြော်ငြာခြင်းကိုလည်း ရှောင်ရှားကြရန် သတိပေးလိုကြောင်း။

မြန်မာနိုင်ငံသည် သဘာဝပရဆေးပင် အရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ပရဆေးပင်များဖြစ်ထွန်းနိုင်သည့် မြေလွတ်များလည်း များစွာရှိနေကြောင်း၊ ပြည်တွင်း၌ ထွက်ရှိသော်လည်း လုံလောက်မှုမရှိ၍ ပြည်ပကတင်သွင်းရသည့် ဆေးဝါးကုန်ကြမ်းများကို ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံသည်သာမက ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့နိုင်စေအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုပါသေးကြောင်း။

ပြည်သူအများက အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပရဆေးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းအားဖြင့် မိသားစုဝင်ငွေတိုးစေမည့်အပြင် နိုင်ငံတော်အတွက် ပရဆေး ကုန်ကြမ်းလည်း ဖူလုံစေနိုင်သည့်အတွက် ပရဆေးပင်များနှင့် ပတ်သက်သည့် အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအနေနှင့် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး တည်တံ့ညီညွတ်ပြီး အန္တရာယ်ကင်းရှင်းစေရေးအတွက် စံချိန်စံညွှန်းများ တိကျစွာ ဖော်ထုတ်ထုတ်ပြန်ရမည်ဖြစ်သကဲ့သို့ အာနိသင်ထက်မြက်ရေးအတွက်လည်း ဆေးဝါးထုတ်လုပ်သူများအပိုင်းက စံချိန်စံညွှန်းမီအောင် ထုတ်လုပ်ရန်ဆိုသည့် ကျင့်ဝတ်ကို အလေးထားလိုက်နာကြရမည် ဖြစ်ကြောင်း။

နိုင်ငံတကာဆင့်သို့ တက်လှမ်းတော့မည်ဆိုလျှင် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးကုကွက်များ၊ ဆေးဝါးများကို Intellectual Property အဖြစ် စနစ်တကျ မှတ်ပုံတင်ကြသည့် အလေ့အကျင့် ဖွံ့ဖြိုးလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာအနေနှင့် နိုင်ငံတကာသို့ ထိုးဖောက်တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ပင်ရင်းတာဝန်ဖြစ်သည့် တိုင်းရင်းသား ပြည်သူများကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားစွာ တိုးမြှင့်လှမ်းခြုံပေးရေးဆိုသည့် အမျိုးသားရေးတာဝန်ကိုလည်း မျက်ခြည်မပြတ် စောင့်ထိန်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးဆိုင်ရာမူဝါဒ မျှော်မှန်းချက်သည် မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာသို့တိုင် ထွန်းတောက်ကျော်ကြားပြီး နိုင်ငံသူနိုင်ငံသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားစွာ ပေးနိုင်စေရန်ဖြစ်သည်ဆိုသည်ကို သိမြင်ခံယူပြီး မြန်မာ့တိုင်းရင်းဆေးပညာ တစ်ခေတ်ဆန်းသစ်စေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံ တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးတွင် တိုင်းရင်းဆေးသမားတော်များအားလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပြီး–

- **မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရအောင်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးစွမ်းနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ၊**
- **နိုင်ငံတကာစံချိန်မီ အရည်အသွေးပြည့်ဝသော မြန်မာ့တိုင်းရင်းဆေးဝါးများ တိုးပွားပေါ်ထွန်းစေရအောင် စွမ်းဆောင်ပေးနိုင်ကြပါစေ၊**
- **သိမ်မွေ့နက်နဲသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေရအောင် စုပေါင်းစွမ်းအားနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ**

ဟု ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ညီလာခံဖွင့်ပွဲအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းရင်းဆေးသမားတော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းငယ်ကို လှည့်လည်ကြည့်ရှု အားပေးသည်။ (သတင်းစဉ်)

**း ပညာ၏ ထူးခြားသည့် ဂုဏ်ရည်**
**ပျက်ယွင်းစေဘဲ မြန်မာ့တိုင်းရင်း**
**ာက လက်ခံနိုင်သည့် သိပ္ပံနည်းကျ**
**းပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်း**
**ိုင်းရင်းဆေးသမားတော်ကြီးများ**
**းမှု၊ သဘောထားကြီးမားမှု၊ နိုင်ငံ့**
**စေ့ဆော်မှု စွမ်းအားများ လိုအပ်။**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆–၁၁–၂၀၀၆**
**(တနင်္ဂနွေနေ့ )**
**(၁၃၆၈ခုနှစ်၊ နတ်တော်လဆန်း ၇ရက်**
**(အဖိတ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးအလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ခရမ်းချောင်းတံတား
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ Yan Can Cook.
**၁၁:၅၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း "ဆည်းဆာ၏အရုဏ်ဦး" [သတ္တိ၊ မေသဉ္ဇာဦး၊ မေထွဋ်ခေါင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဒေါ်အိအိစိုး] (ဒါရိုက်တာ–မျိုးအေး)**
၁:၃၀ ၆။ ဇီဝဒီဇယ်ထုတ်လုပ်မှုသရုပ်ပြ ရှင်းလင်းဆွေးနွေးပွဲ
၁:၄၅ ၇။ အဆိုပြိုင်ပွဲ
၂:၀၀ ၈။ မြို့လှတပ်ကုန်းရေလှောင်တမံ
၂:၁၀ ၉။ အကပြိုင်ပွဲ
၂:၂၀ ၁၀။ **"အလံလေးတော့ ကိုင်ပြပါ" (ဖွဲ့နိုင်ဝင်း၊ရှော၊ပေါ်လေး၊ ချစ်စရာ၊ ရတနာခင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၂:၃၀ ၁၁။ အတီးပြိုင်ပွဲ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၁၅ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ သီရိဂေဟာ
၇:၀၀ ၁၀။ Discovery.
၇:၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်းရဲ့ နေ့ရက်များ" (အပိုင်း–၂၈)**
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း–၂)**
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

**✻ ကာကွယ်ရေးဝန်ကြီးဌာနမှ**

ထို့နောက် ဆဒုံးမြို့နယ် စုပေါင်းရုံးသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စုပေါင်းရုံးသစ် ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဆဒုံးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က သတ်မှတ်နေရာများ၌ တစ်ပြိုင်တည်း ပန္နက်ရိုက်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံး–ကန်ပိုက်တီးကားလမ်းရှိ လုမြန်ကျေးရွာနှင့် လဂျောင်ကျေးရွာတို့၌ လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုမြန်ကျေးရွာတောင်ကုန်းမှ ဆဒုံးမြို့ ကုန်းမြင့်လယ်မြေ စိုက်ခင်းများနှင့် လယ်ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆို**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ဆဒုံးမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံကြရာ ရှေးဦးစွာ ဆဒုံးမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်သူက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းများ၊ တံတားများကို ပြည်နယ်နှင့် တိုင်းများတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ယခုဝါရှောင်–ဆဒုံး–ကန်ပိုက်တီးလမ်းသစ်ကို ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ယခင်လမ်းဟောင်းသည် မြစ်ကြီးနားမှ ကန်ပိုက်တီးအထိ ၈၅မိုင် ရှိသော်လည်း ယခုဖောက်လုပ်နေသည့် လမ်းသစ်မှာ ၇၃ မိုင်ခန့်သာရှိပြီး ၁၂ မိုင်ခန့် တိုတောင်းသွားခြင်း၊ လမ်းပိုမိုချောမွေ့ခြင်း၊ အတက်အဆင်းနည်းပါးသွားခြင်းကြောင့် ယခင်ကထက် အချိန်တိုတောင်းစွာ၊ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ဒေသနှင့်ကိုက်ညီသည့် သီးနှံပင်များကို စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးသွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန် ဒေါက်တာနေဝင်းလှိုင်က လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာ တစ်လုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများနှင့် ဆရာ ဆရာမများအတွက် ဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှယ်ဂျား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝမ်း၊ ဆရာမ ဒေါ်ခင်လဲ့နွယ်နှင့် ဒေါ်တင်တင်ညို တို့က အသီးသီးလက်ခံကြသည်။

**သီဆိုနှုတ်ဆက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆဒုံးမြို့ တေးသီချင်းဖြင့် သီဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ဆရာမများအား တူညီဝတ်စုံအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတအားဖူးမြော်ပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးလိုင်းကျေးရွာနှင့် ငါးအိမ်စုကျေးရွာတို့၌ လမ်းပိုင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ မနော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်မှုကိုလည်းကောင်း၊ ဝါရာယန်ကျေးရွာရှိ ဝါရာယန်တံတား ကြံ့ခိုင်မှုနှင့် ဆိုင်လော်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ဒေသဖွံ့ဖြိုးရေး ဈေးအခြေအနေကိုလည်းကောင်း၊ မန်ဝိန်းကျေးရွာ၌ လမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ ဝိုင်းမော်–ဆဒုံးလမ်းသစ် လမ်းဆုံ၌ နန့်လောချောင်း တံတားသစ်နှင့် လမ်းပိုင်းအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ဂူယံကျေးရွာမှ တောင်သူ ဦးဘောင်ယိန်း၏ မိုးစပါးစိုက်ခင်း လေးကေ၌ စပါးရိတ်စက် ငါးစီးနှင့် စပါးခြွေလှေ့စက်တို့ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေး၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး မြစ်ကြီးနားမြို့သို့ ရောက်ရှိ၍ ညအိပ်ရပ်နားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံစတင် ကျင်းပ

# သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အဖွင့်အမှာစကား ပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၅

**သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်၊ တိုင်းရင်းဆေးကောင်စီဝင် ဦးဉာဏ်လွင်၊ ဦးမောင်ဉာဏ်နှင့် ရှမ်းပြည်နယ်မှ ဦးမောင်းဟိန်တို့က ဆောင်ရွက်ကြသည်။**

အခမ်းအနားသို့ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုတိုင်းရင်းဆေးကြီးကြပ်ရေးကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းဆေးဆရာကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ အဆို(၁)ဖြစ်သော ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်နိုင်ရန် တိုင်းရင်းဆေးပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်တို့ ပူးပေါင်းဆောင်ရွက်ရေးအဆိုကို ဧရာဝတီတိုင်း ဖျာပုံမြို့နယ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် ဦးဇော်ဝင်းက တင်သွင်းပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူး သက်နိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆို(၂) မြန်မာ့တိုင်းရင်းဆေးဆရာများ၏ အရည်အသွေးတိုးတက် မြင့်မားရေးအတွက် ပြည်တွင်း ပြည်ပမှ ပညာရပ်များကို စဉ်ဆက်မပြတ် ရှာဖွေလေ့လာဆည်းပူးရေး အဆိုကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ ကိုယ်စားလှယ် ဦးအောင်ထပ်က တင်သွင်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူး သီဟန်ဦးက ထောက်ခံဆွေးနွေးပြီး ခေတ္တရပ်နားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကို၊ တိုင်းရင်းဆေး ကောင်စီဝင်များဖြစ်ကြသော ဦးလှဌေး၊ ဦးမြဝင်းနှင့် မွန်ပြည်နယ်မှ ကိုယ်စားလှယ် ဦးတင်ရွှေတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် အဆို(၃) ဖြစ်သည့် ရောဂါကြီးခြောက်မျိုး အဓိကထား၍ အခြားရောဂါများကိုပါ ကုသရာတွင် အစွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးကုထုံးများ ရှာဖွေဖော်ထုတ်ရေး အဆိုကို ပဲခူးတိုင်းမှ ကိုယ်စားလှယ် ဦးအောင်အောင်က တင်သွင်းရာ သစ်တောရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ် ဒေါ်ခင်မျိုးထွေးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆို(၄) ဖြစ်သည့် ပြည်တွင်း ပရဆေးကုန်ကြမ်းဖူလုံရေးအတွက် ဆေးဖက်ဝင် အပင်များကို တိုးချဲ့စိုက်ပျိုးရန် တိုင်းရင်းဆေးဆရာများက ဝိုင်းဝန်းဆောင်ရွက်ရေး အဆိုကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှ ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဦးက တင်သွင်းပြီး ချင်းပြည်နယ် ဟားခါးမြို့မှ ကိုယ်စားလှယ် ဦးလှိုင်မိုးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ညနေပိုင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ပထမနေ့အစီအစဉ်ကို ရပ်နားလိုက်သည်။ တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နိုဝင်ဘာ ၂၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

**သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)

# ကျိုက္ကစံလယ်တီကျောင်းတိုက် ဆွမ်းကပ်လှူပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၅**

သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ (၈၂)ကြိမ်မြောက် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွဲကို ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က ဦးဆောင်ကြီးမှူး၍ ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ရာ အဓိဋ္ဌာန် စခန်း ဝင်လိုသူ ယောဂီအပေါင်းနှင့် အလှူရှင်တို့သည် ကျောင်းတိုက် ဖုန်း– ၅၆၄၇၄၃ နှင့် ၅၆၀၇၁၀ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

# အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ရောဂါရှာဖွေစမ်းသပ် ဆေးကုသပေးပြီး လူမှုရေးအသင်းအဖွဲ့များက ဆေးဝါးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဌေးနိုင်နှင့်အဖွဲ့ သည် နိုဝင်ဘာ ၂၁ ရက်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ ထောင်တွင်းဆေးရုံသို့ လာရောက်၍ ဝေဒနာရှင် နိုင်ငံခြားသား အကျဉ်းသားတစ်ဦး အပါအဝင် အကျဉ်းသားအကျဉ်းသူ ၁၆ဦးတို့အား ရောဂါရှာဖွေစမ်းသပ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရှိရသည်။

**လှူဒါန်း**

ထို့အပြင် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ဦးအောင်မြင့်နှင့်အဖွဲ့ဝင် ၁၇ဦးတို့က နိုဝင်ဘာ ၂၁ ရက်တွင် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ လူသုံးဆေးဝါး ၁၁မျိုးတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ထူးခြားသည့် ညအပူချိန်များ

**၂၅–၁၁–၂၀၀၆**

**ဟားခါး**

၂ ဒီဂရီစင်တီဂရိတ်

**ပင်လောင်း**

၆ ဒီဂရီစင်တီဂရိတ်

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| **၇:၀၀** | ၁။ | မြဝတီအဖွင့် |
| **၇:၀၅** | ၂။ | အဖွင့်သီချင်း |
| **၇:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၇:၁၅** | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၂၅** | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| **၇:၃၅** | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၄၀** | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၀** | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ | **ဆရာတော်ဦးဃောသိတတရားတော်** – အမှောင်ငါးစင်း အလင်းငါးချက် |
| **၉:၁၅** | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| **၉:၁၆** | ၁၂။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| **၁၂:၀၀** | ၁။ | မြဝတီအဖွင့် |
| **၁၂:၀၅** | ၂။ | အဖွင့်သီချင်း |
| **၁၂:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၁၂:၂၀** | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၁၂:၃၀** | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – အမှတ်မထင်** |
| **၁၃:၅၀** | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၁၃:၅၅** | ၇။ | အပိတ်နှုတ်ဆက်စကား |
| **၁၄:၀၀** | ၈။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| **၄:၀၀** | ၁။ | မြဝတီအဖွင့် |
| **၄:၀၅** | ၂။ | အဖွင့်သီချင်း |
| **၄:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၄:၂၀** | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| **၄:၃၀** | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၄:၄၀** | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| **၄:၅၀** | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၅:၀၀** | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| **၆:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ | နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၁။ | မိုးလေဝသသတင်း |
| **၆:၂၅** | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၃၀** | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| **၆:၄၅** | ၁၄။ | အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ |
| **၇:၀၀** | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – လွမ်းမပြေ (အပိုင်း–၂၁)** |
| **၈:၀၀** | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ENGLISH PREMIER LEAGUE ဘောလုံးပွဲ - Manchester United Vs Chelsea** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

## ❁ နှစ်ရှည်ပင်မှ

နိုင်ငံတော်မှ သတ်မှတ်ထားသော အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတ်မှတ်ထားသော ခေတ်မီနည်းစနစ်များနှင့်အညီ စနစ်တကျ တိုးချဲ့စိုက်ပျိုးကြရေး တာဝန်ရှိသူများက ဒေသခံ တောင်သူလယ်သမားများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်ရော်ဘာ၊ လက်ဖက်နှင့် အထူးသီးနှံ ခြံစည်းရိုးကြက်ဆူတို့ကို နိုင်ငံတော်က လျာထားသတ်မှတ်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်း၊ ဒေသတွင်းပညာရေးနှင့်ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ထောင်စုကြီးထာဝရတည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဘုရင့်နောင်ခန်းမ၌ မိုင်းဖြတ်ခရိုင်နှင့် မိုင်းဖြတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား ဆက်လက်တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်ထွန်းနှင့် မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းယီတစ်တို့က မိမိတို့အသင်းများ၏ ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်းဖြတ်မြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်အောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြပြီးအမျိုးသား၊ အမျိုးသမီးဆေးကုသဆောင်၊ ခွဲစိတ်ကုသခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများကို ပေးအပ်ပြီးဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းဆောင်အလိုက် စာသင်ခန်းများဖွဲ့စည်းတည်ရှိမှု၊ ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းသား၊ ကျောင်းသူများကျောင်းနေပျော်၍ စာတော်ရေးတို့အတွက် ဆရာ၊ ဆရာမများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ထိထိရောက်ရောက်အသုံးချပြီး သင်ကြားပို့ချရေး၊ တိုးတက်လာသော ကျောင်းသား၊ ကျောင်းသူ အင်အားနှင့်အညီ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများအတွက် လိုအပ်သော စာသင်ခန်းများ တိုးချဲ့ဆောက်လုပ်ရေးကို ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားရေး၊ e-Education Learning Centre ပို့ချချက်များ ထိရောက်အောင် စီမံလုပ်ဆောင်သွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ မိုင်းဖြတ်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၄၂၂/၀ မှ ၄၃၂/၀) အတွင်းရှိ တာကျောက်ကျေးရွာအနီး၌ လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊မိုင်တိုင်အမှတ်(၄၂၁/၅)ရှိ ယန်းခကျေးရွာအနီး ယန်းခချောင်းကူးယာယီဘေလီတံတားတည်ဆောက်မှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ လမ်းနှင့်တံတားများကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ဝ၊ အခါ၊ လားဟူ၊ ရှမ်းစသည့် ဒေသခံတိုင်းရင်းသား သင်တန်းသား သင်တန်းသူများက ပတ္တလား၊ စောင်းတို့ဖြင့် တွဲဖက်တီးခတ်၍ "အောင်စေပိုင်စေ"သီချင်းကို သီဆို၍ကြိုဆိုကြသည်။

ထို့နောက် သင်တန်းကျောင်းခန်းမ၌ ဒုတိယကျောင်းအုပ် ဒေါ်မေသီအောင်က သင်တန်းကျောင်း၏ နောက်ခံသမိုင်း၊ သင်တန်းသား သင်တန်းသူများ၏ ပညာသင်ကြားရေး၊ စားဝတ်နေရေး စသည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအင်အားအရ လိုအပ်သော ဝန်ထမ်းများကို ဖြည့်စွက်ခန့်ထားရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်က ဒေသခံတိုင်းရင်းသားလူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရသော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး၊ ပြည်ထောင်စုကြီး ထာဝရတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် စွမ်းစွမ်းတမံကြိုးပမ်းထမ်းဆောင်သွားကြရေးလေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

သင်တန်းသား၊ သင်တန်းသူများ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးကာ ကျောင်းတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး တစ်ပိုင်တစ်နိုင်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများကိုပေးအပ်လှူဒါန်းရာ ဒုတိယကျောင်းအုပ် ဒေါ်မေသီအောင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်ကို လှည့်လည်ကြည့်ရှုရာ တိုင်းရင်းသား သင်တန်းသား သင်တန်းသူများက "ပြည်ထောင်စုအတွက်ထာဝစဉ်" သီချင်းဖြင့် ဂါရဝပြုသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဓမ္မာရုံ၌ တိုင်းရင်းသား သင်တန်းသား သင်တန်းသူများက ဓမ္မစကြာနှင့် ဝတ်ရွတ်စဉ်များ ရွတ်ပွားမှုကိုကြည့်ရှုကြပြီး သင်တန်းကျောင်းမှ ဆက်လက်ထွက်ခွာသွားသည်။

အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် နယ်စပ်ဒေသနေ မိမိတိုင်းရင်းသားဘာသာစကားတတ်ကျွမ်းသည့်အသက်(၈)နှစ်မှ (၁၈)နှစ်အထိတိုင်းရင်းသားလူငယ်များဖြစ်ကာ မိဘမဲ့၊ မိမဲ့ဖမဲ့နှင့် ပညာလိုလားပြီး ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားလူငယ်များအားလက်ခံသင်ကြားပို့ချပေးလျက်ရှိသည်။

၂၀၀၆ -၂၀၀၇ပညာသင်နှစ်တွင် အခါတိုင်းရင်းသား ၁၃၀၊ လားဟူတိုင်းရင်းသား ၂၉ ဦး၊ ချင်းတိုင်းရင်းသား တစ်ဦး၊" ဝ "တိုင်းရင်းသားသုံးဦး၊ ရှမ်းတိုင်းရင်းသား ၁၀ဦး တို့ပါဝင်ပြီး တိုင်းရင်းသား သင်တန်းသား ၁၁၇ ဦး သင်တန်းသူ ၅၆ဦး စုစုပေါင်း ၁၇၃ဦးတို့သည် တတိယတန်းမှ ဒသမတန်းအထိ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

သင်တန်းသား သင်တန်းသူများအားနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ရိက္ခာများနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ သင်တန်းသား၊ သင်တန်းသူများ အဆင့်မြင့်တက္ကသိုလ်ကောလိပ်သို့ ဆက်လက်တက်ရောက်သင်ကြားနိုင်ရန် ပညာရေးအခွင့်အလမ်းရှိကြောင်း သိရှိရသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်သန့်ရှင်းသပ်ရပ်မှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲဖွင့်လှစ် ယနေ့ပွဲစဉ်၌ စံချိန်သစ်နှစ်ခုတင်

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသားမီတာ၄၀၀ အလွတ်ကူးပြိုင်ပွဲ ပထမဆုရ ဇင်မျိုးခက်(ရန်ကုန်)အားဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

**ရန်ကုန် နိုဝင်ဘာ ၂၅**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့် တိုင်းရေကူးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ ယမန်နှစ်ချန်ပီယံအသင်းများဖြစ်ကြသည့် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။ ဆက်လက်၍ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ယင်းနောက်ပထမနေ့ပွဲစဉ် ၁၂ ပွဲကို ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသားမီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၌ ပထမဆုရ ဇင်မျိုးခက်(ရန်ကုန်)၊ ဒုတိယဆုရ အောင်ဇော်ဖြိုး(မန္တလေး)၊ တတိယဆုရ စောစံလင်း(တနင်္သာရီ)တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသား မီတာ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ပထမဆုရ စထွန်းဝင်းဦး(ရန်ကုန်)၊ ဒုတိယဆုရ ရဲမင်းအောင်(မန္တလေး)၊ တတိယဆုရ ခင်မြင့်(ဧရာဝတီ) တို့ကို လည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီးမီတာ၄၀၀အလွတ်ကူးပြိုင်ပွဲ၌ ပထမဆုရ ခင်ချမ်းသာ(မန္တလေး)၊ ဒုတိယဆုရ ခင်ဝင့်မော်(ရန်ကုန်)၊ တတိယဆုရ နန်းခမ်းမြတ်ချို(ရန်ကုန်) တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်(ရေကူးအားကစားနည်း) တာဝန်ခံနာယက ဒေါ်မူမူဝင်းက အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ပထမဆုရ နှင်းဦးဝေ(မန္တလေး)၊ ဒုတိယဆုရ ဝင်းဝင်းမော်(ရန်ကုန်)၊ တတိယဆုရ ရတနာမောင်မောင်(ရန်ကုန်) တို့ကို လည်းကောင်း၊မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ခင်ဆွေမြင့်က အမျိုးသား မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ပထမဆုရ ဝင်းလှိုင်(ဧရာဝတီ)၊ ဒုတိယဆုရ စောလင်းလင်း(ရန်ကုန်)၊တတိယဆုရ ဟိန်းထွန်းဆန်း (တနင်္သာရီ) တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်စိုးဝတ်ရည်က အမျိုးသမီး မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ပထမဆုရ ဖြူပြည့်ဖြိုးကိုကို(ရန်ကုန်)၊ဒုတိယဆုရ ဝင့်ချယ်ရီ(မန္တလေး)၊ တတိယဆုရ ချိုချိုသူဝင်း(ရန်ကုန်) တို့ကို လည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပခဲ့သော ပွဲစဉ်များတွင် စံချိန်သစ်နှစ်ခု တင်နိုင်ခဲ့ကြောင်း သိရသည်။ အမျိုးသမီးမီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခင်ချမ်းသာ(မန္တလေး) သည် ယခုနှစ်တွင် ယဉ်ယဉ်ထွန်း (ရန်ကုန်) တင်ထားသည့် ၆ မိနစ် ၃၆ဒသမ၉၅ စက္ကန့် ကို ၆မိနစ်၁၆ဒသမ၄၉စက္ကန့်ဖြင့် လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် စထွန်းဝင်းဦး (ရန်ကုန်)က ၂၀၀၄ခုနှစ်က သက်ကိုကိုထွန်း(ရန်ကုန်) တင်ထားသည့် ၁မိနစ် ၁၁ဒသမ ၄၆စက္ကန့်ကို ၁မိနစ် ၁၀ဒသမ ၉၂စက္ကန့်ဖြင့် လည်းကောင်း စံချိန်ချိုးကာစံချိန်သစ် တင်နိုင်ခဲ့ကြသည်။

ပြိုင်ပွဲများကို နိုဝင်ဘာ ၂၆ ရက် (ယနေ့)မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၆-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အမျိုးသမီးရုပ်သေး ကြိုးဆွဲပညာရှင်နှင့်တွေ့ဆုံခြင်း |
| ၇:၃၅ | တေးဂီတအစီအစဉ် |
| ၇:၄၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | သီးနှံစိုက်ပျိုးအထွက်တိုး (ခြံစည်းရိုးကြက်ဆူပင်) |
| ၈:၅၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀ | ကုန်သွယ်စီးပွားနိုင်ငံအား (ကုန်သွယ်မှု၏အားထားရာ ဆိပ်ကမ်းသီလဝါ) |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၅ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၀:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | Music Gallery (The Ants- ပထမ၊ ဒုတိယ၊တတိယ) |
| ၁၀:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၀ | စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဓိဝဓာတ်ငွေ့ပေါင်းအိုးပါ |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | တောင်ပေါ်လက်ဖက် နတ်သစ်ရွက် |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ |
| ၁၁:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၅ | ထူးခြားသွင်ပြင် သတ္တုပြန်းပုရုပ်သွင် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၇:၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇:၅၅ | Newcastle-Portsmouth | 5-Sports(Live) |
| ၉:၂၄ | Tottenham-Wigan | 5-Series(Live) |
| ၁၀:၂၅ | Man Utd-Chelsea | 5-Sports(Live) |

### Series A ဘောလုံးပွဲစဉ်

| | | |
|---|---|---|
| ၂:၀၀ | Palermo-Inter Milan | 5-Sports(Live) |

# ဝေဠုဝန်နိကာယဂိုဏ်း ဝိနယပရိယတ္တိစာမေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဝေဠုဝန်နိကာယဂိုဏ်း၏ (၂၃)ကြိမ်မြောက် ဝေဠုဝန်နိကာယ ဝိနယပရိယတ္တိ စာမေးပွဲကို ၁၃၆၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၁၁ ရက်၊ (၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ရက်၊ ၁၃ရက်) တို့တွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၊ သာသနပဋ္ဌာနတာရုံ အလယ်တိုက်ကျောင်းကြီးတွင် ကျင်းပမည်ဖြစ်သည်။ စာမေးပွဲသြဝါဒါစရိယ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး နာယက ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲဝင်သံဃာတော်များ စုစုပေါင်းအပါး ၃၅၀ ကျော်တို့ဖြင့် ကျင်းပမည်ဖြစ်၍ စာပြန်၊စာအောင်သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း၊အဖျော်ယမကာများနှင့် နဝကမ္မဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများကို ဓမ္မာနုဂ္ဂဟ ဓမ္မပူဇာအနေဖြင့် ကြွရောက်လှူဒါန်းပူဇော်ကြည်ညိုနိုင်ကြောင်းနှင့် အလှူငွေများကို ဆွမ်းစားကျောင်း ဝေဠုဝန်ကျောင်းတိုက်တွင် လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

## အင်တာနက်ကျန်းမာရေးသတင်း

# နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါကို ဖောလစ်အက်စစ်ဓာတ်ပစ္စည်းက ကာကွယ်နိုင်

**ပေကျင်း နိုဝင်ဘာ ၂၅**

ဖောလစ်အက်စစ် ဆေးဝါးကို နေ့စဉ်မှန်မှန် စားသုံးခြင်းအားဖြင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါဝေဒနာများ ခံစားရမှုမှ ကင်းဝေးစေနိုင်သည်ဟု သုတေသနတွေ့ရှိချက်များက ဖော်ပြသည်။

လူ့သွေးအတွင်း အမိုင်နိုအက်စစ်ဓာတ်တစ်မျိုးဖြစ်သည့် ဟိုမိုစစ်တနီဓာတ်များပါဝင်မှု များပြားနေခြင်းသည် နှလုံးသွေးကြောရောဂါ ဖြစ်ပွားစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်ကို ဗြိတိသျှသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ဖောလစ်အက်စစ်သည် သွေးတွင်ပါဝင်သော ဟိုမိုစစ်တနီဓာတ်များ ပါဝင်မှုကို လျှော့ချပေးခြင်းအားဖြင့် နှလုံးသွေးကြောရောဂါ ဖြစ်ပွားနိုင်သည့် အလားအလာကို လျှော့ချပေးနိုင်သည်ဟု ဆိုသည်။

လူအများ နေ့စဉ်စားသုံးသော အစားအစာများတွင်လည်း ဖောလစ်အက်စစ်ဓာတ်သည် သဘာဝအလျောက် ပါဝင်နေသည်။ ထိုအစားအစာများမှာ အားဖြည့်ပေးထားသော နံ့စားသီးနှံများ၊ အသီးအရွက်စိမ်းများ၊ အစိမ်းရောင်ဂေါ်ဖီပန်းပွင့်၊ ဟင်းနုနယ်၊ ပဲအမျိုးမျိုးနှင့် လိမ္မော်သီး စသည်တို့ဖြစ်သည်။

ဖော်ပြပါ တွေ့ရှိချက်များကို နိုဝင်ဘာ ၂၄ ရက်နေ့ထုတ် ဗြိတိသျှဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ ထိုလေ့လာမှုများကို လန်ဒန်မြို့ရှိ ကွင်းမေရီဆေးပညာဌာနမှ ပညာရှင်ဒေးဗစ်ဝါးလ်နှင့်အဖွဲ့က စိစစ်လေ့လာတင်ပြထားခြင်း ဖြစ်သည်။

(အင်တာနက်)

**နှလုံးသွေးကြော ရောဂါနှင့် လေဖြတ်ရောဂါများကို အကာအကွယ်ပေးနိုင်သည့် ဖောလစ်အက်စစ်ဆေးဘူးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# HIV/AIDS စီမံချက်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

**မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် HIV/AIDS ကမ္ဘာ့ရန်ပုံငွေအဖွဲ့ Global Fund နှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် HIV/AIDS ကူးစက်မှုလျှော့ချရေး ပညာပေးဆွေးနွေးခြင်း၊ ကွန်ဒုံးအသုံးပြုရေး စည်းရုံးဆွေးနွေးခြင်းနှင့် VCCT နည်းလမ်းအရ သွေးစစ်ဆေးမှုများပြုလုပ်ခြင်း စသည့် စီမံချက်လုပ်ငန်းများ၏ နောက်ဆုံးအကြိမ်ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးအေးမြင့်က အမှာစကားပြောကြားသည်။ Annual Review Workshop အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကော့သောင်းမြို့နယ်နှင့် မြိတ်မြို့နယ် စီမံချက်တာဝန်ခံတို့က မြို့နယ်အလိုက် HIV/AIDS Education and Tcp Project လုပ်ငန်းဆောင်ရွက်မှု စာတမ်းများကို Power Point များဖြင့် ရှင်းလင်းတင်ပြကြသည်။

မြိတ်နှင့် ကော့သောင်းမြို့နယ်များမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ တက်ရောက်ကြသူများက ဖြည့်စွက် ဆွေးနွေးကြသည်။ ညနေပိုင်းတွင် သန်လျင်၊ ကျောက်တန်း၊ သံဖြူဇရပ်မြို့နယ်များမှ စီမံချက်တာဝန်ခံများက မိမိတို့ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ်**

(၁–၁၂–၂၀၀၆)မှ (၇–၁၂–၂၀၀၆)

World AIDS Campaign

(1-12-2006 – 7-12-2006)

**အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့**

"Stop AIDS, Keep The Promise"

ကျန်းမာရေးဝန်ကြီးဌာန

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

## အင်တာနက်အားကစားသတင်းများ

# ချယ်လ်ဆီးနှင့်အဲဗာတန် သရေကျ၊ လီဗာပူးအနိုင်ရ

**လန်ဒန် နိုဝင်ဘာ ၂၅**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာတွင် ချယ်လ်ဆီးအသင်းနှင့် အဲဗာတန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

လန်ဒန်ရှိ ဗယ်လီဘောလုံးကွင်း၌ ကျင်းပသည့် ယင်းပွဲသည် အဲဗာတန်အသင်း၏ နည်းပြသစ် လက်စ်ရိဒ် အတွက် ပထမဆုံးသော အိမ်ကွင်းပြိုင်ပွဲတစ်ရပ် ဖြစ်သည်။

ပွဲချိန်၅၁မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဟာမန်ဟိုက်ဒါဇင်က ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ အဲဗာတန်အသင်း အဖွင့်ဂိုး ရရှိခဲ့သည်။ သို့ရာတွင် ပွဲချိန် ၆၈မိနစ်တွင် ချယ်လ်ဆီးအသင်းမှ အင်ဒီရိတ်က ချေပဂိုး ပြန်လည်သွင်းယူနိုင်သည်။

လီဗာပူးနှင့် မန်ချက်စတာစီးတီးပွဲ၌ စတီဗင်ဂျရတ်သွင်းသော ဂိုးဖြင့် လီဗာပူး အနိုင်ရသွားသည်။

***အင်တာနက်။***

# ဖူလ်ဟမ်အသင်း ရပ်တည်ချက်ကောင်းမွန်ရေး အာရုံစိုက်ရန် ခရစ္စကိုးလ်မင်း ပြောဆို

**လန်ဒန် နိုဝင်ဘာ ၂၅**

လက်ရှိဘောလုံးရာသီ ယခုအချိန်အထိ မိမိတို့အသင်းရလဒ်ကောင်းများ ရရှိခြင်းကြောင့် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဥရောပဘောလုံးလောက၌ ရပ်တည်ချက်တစ်နေရာ ရရှိရေးအတွက် အာရုံစိုက်သင့်ကြောင်း ဖူလ်ဟမ်အသင်း မန်နေဂျာ ခရစ္စကိုးလ်မင်းက ၎င်း၏ ဘောလုံးသမားများကို ယနေ့တိုက်တွန်းလိုက်သည်။

လက်ရှိ ဘောလုံးရာသီတွင် ဖူလ်ဟမ်အသင်းမှ ဘောလုံးသမားများ ထိခိုက်ဒဏ်ရာရမှု နည်းပါးကြောင်း၊ ဖူလ်ဟမ် ဘောလုံးအသင်းသားများအနေဖြင့် ထိခိုက်မှုမရှိသမျှ ကာလပတ်လုံး မိမိတို့အသင်း၏ မျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း ကိုးလ်မင်းက ပြောကြားသည်။

**ကြိုးပမ်းသွားမည်**

ဖူလ်ဟမ်အသင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က မန်ချက်စတာစီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည်။

***အင်တာနက်***

# စတီဗင်ဂျရတ်အား လီဗာပူးမန်နေဂျာ ချီးကျူး

**လန်ဒန် နိုဝင်ဘာ ၂၅**

အင်္ဂလိပ်လူမျိုး ဘောလုံးသမား စတီဗင်ဂျရတ်၏ ဂိုးသွင်းနိုင်မှု စွမ်းပကား ပြန်လည်ကောင်းမွန်လာခြင်းအတွက် လီဗာပူးအသင်း မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်က ယနေ့ ထုတ်ဖော်ချီးကျူးလိုက်သည်။

နိုဝင်ဘာ ၂၂ရက်က ကျင်းပသည့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ၏ အုပ်စု(ဂ)ပွဲတွင် လီဗာပူးအသင်းက ပီအက်စ်ဗွီ အိန်းဟိုဗင်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ၌ ဂျရတ်၏ ဂိုးနှင့် ပီတာခရောက်ချ်၏ ဂိုးတို့ဖြစ်ကြသည်။ ဂျရတ်သည် ရလဒ်ကောင်းများရရှိသော်လည်း ၎င်း၏ စွမ်းပကားကို အပြည့်အဝဖော်ထုတ်ပြသရန် လိုနေသေးကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

အကယ်၍ စတီဗင်ဂျရတ်သည် ယှဉ်ပြိုင်ကစားရသော ပွဲအလိုက် ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်မည့်နည်းစနစ်ကို ပိုမိုအာရုံစိုက်နိုင်ပါက ၎င်း၏ စွမ်းဆောင်ချက် ပိုမိုကောင်းမွန်းလာမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

***အင်တာနက်။***

**ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ပီအက်စ်ဗွီအသင်းမှ အက်ဒီဆင်(ဝဲ)နှင့် လီဗာပူးအသင်းမှ စတီဗင်ဂျရတ်တို့အား တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# ပဲခူးတိုင်း ပြွန်တန်ဆာမြို့၊ မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်လှာကျေးရွာနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့တို့၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ (၁)ရပ်ကွက် (မြို့သစ်) ဒဂုံမန်းလမ်းနေ ဦးအောင်ကျော်ဦး (ရေနံသုတ်လုပ်ငန်း)၏နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ ပြွန်တန်ဆာမီးသတ်စခန်းမှ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရသည်။

**ဖယောင်းတိုင်မီးကြောင့်**

ထို့အပြင် ယင်းနေ့ည ၈ နာရီတွင် မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်လှာကျေးရွာ အရှေ့ပြင်ရပ်ကွက်နေ ဦးမလှိုင်၏ အိမ်၌ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ သံဖြူဇရပ်နှင့် မုဒုံမီးသတ်စခန်းတို့မှ မီးသတ်ယာဉ်လေးစီးဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ စုပေါင်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် အိမ်ခုနစ်လုံးမီးလောင်ခံရပြီး အိမ်ထောင်စုခုနစ်စုမှ လူဦးရေ ၂၄ ဦး တို့အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သည်။

နိုဝင်ဘာ ၂၅ ရက် နံနက် ၄ နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်(၃၉)လမ်းရှိ ဦးအောင်ဇော်မိုး၏ ဝါဂွမ်းကြိတ်စက်ရုံ၌ ဗိုင်းကြိတ်စက်ထဲတွင် သံပြားပါရာမှ မီးပွင့်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်ရာသို့ မုံရွာမီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီးဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံး၊ စက်ပစ္စည်းနှင့် ချည်ထုပ်အနည်းငယ်မီးလောင်ခံရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Diploma in Business Administration
KMD education services abe accredited centre
30 - November - 2006 (Mon to Fri) 7:00-9:00

ရှောင်လေ
ဝေးဝေး
မူးယစ်ဆေး

# မင်္ဂလာညစ်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၇၇/ဈ၊ မုံတီတန်းလမ်း၊
၃၂ x၃၃၊ ၇၃ x ၇၄လမ်းကြားနေ
ဦးရွှေညို–ဒေါ်တင်တင် (မျိုးရွှေဇင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း)တို့၏သားကြီး
**ဗိုလ်ကြီးမျိုးခိုင်ဦး** B.E (Electronic) (D.S.T.A)
M.E (Electrical and Electrical Apparatus) (M.P.E.I)
**လက်ထောက်ကထိက၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဌာန**
**တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ**
နှင့်
ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ (၆)မိုင်ခွဲ၊ ဓမ္မာရုံ(၁)လမ်း၊ အမှတ်(၂၇၄)နေ
ဦးကျော်သိန်း (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)–ဒေါ်ယဉ်ယဉ်နုတို့၏သမီးငယ်
**ဒေါက်တာဝင်းနုဝါဝါသိန်း** M.B.,B.S (YGN)
**သရုပ်ပြ၊ အနုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်**

တို့၏ ၁၂–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)တွင် နေအိမ်၌မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ် ဘဘဦးအေးမောင်နှင့်ဇနီး ကြီးကြီး ဒေါ်ခင်မြမြအားလည်းကောင်း၊ ၁၅–၁၁–၂၀၀၆(ဗုဒ္ဓဟူးနေ့)တွင် Traders Hotel Ball Room၌ ကျင်းပသော မင်္ဂလာညစ်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ငွေအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှငွေဝင်းနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာစံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဘဘ ဦးခင်မောင်လွင်နှင့်ဇနီး ကြီးကြီးဒေါ်ခင်သူဇာအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးကျော်မျိုးအောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာ တင်မို့မို့လွင်၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မရွှေရည်လင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော ညီမငယ်မဖြူဖြူတင့်၊မင်္ဂလာ အခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ကိုကျော်ဇေယျ နှင့်တေးဂီတအဖွဲ့အဆိုတော်များ၊ မိတ်ကပ်ဆံပင် စိုးစိုး၊ မင်္ဂလာဝတ်စုံ မသင်းထက်ဦး(မုံရွာ)၊ ပန်းအလှပြင်နီနီပွင့်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညွှပ်နှင့်အဖွဲ့၊ Traders Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညစ်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရန်ကုန်တိုင်း ဆည်မြောင်းဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ၁၉–၁၁–၂၀၀၆နေ့တွင် မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက်၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းကပ်ညစ်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမျိုးခိုင်ဦး–ဒေါက်တာဝင်းနုဝါဝါသိန်း**

# မင်္ဂလာညစ်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန် စိမ်းလဲ့မြိုင်ခြံနေ ဦးမောင်မောင်မြင့်
[အင်ဂျင်နီယာချုပ်၊ ပန်းလှိုင်တာဝါဆောက်လုပ်ရေးစီမံကိန်း၊ (ရဲတံခွန်ကုမ္ပဏီ)]
ဒေါ်ခင်စောမှုထင်[မြို့နယ်သ/မမန်နေဂျာ(ငြိမ်း)]
တို့၏ တစ်ဦးတည်းသောသား
**မောင်ထင်ဦးမောင်** A.G.T.I (EC), Final Year (Maths)
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်နေ ဦးအောင်ခိုင်[လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊
ငဝန်တံတား(မြို့ကွင်း) စီမံကိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]–ဒေါ်လှကြည်
တို့၏သမီးကြီး
**မအိဖြူဖြူခိုင်** A.G.T.I (EP), B.B.A

တို့အား ၁၇–၁၁–၂၀၀၆ ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံးချုပ်မှ ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းအားလည်းကောင်း၊ ၁၉–၁၁–၂၀၀၆ ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညစ်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဆောင်ပစ္စည်းများပေးပို့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီးဦးတင့်ဆွေနှင့်ဇနီး ဒေါ်လှလှမြင့်တို့အား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီး ဒေါ်မြသန်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာညစ်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များ ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့၊ ဓာတ်ပုံကိုနိုင် (MOE MIN RAYS)၊ ဗီဒီယိုစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ်ဆံပင် အလှပြင်ဆင်ပေးသော ကိုမာနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မအိမွန်ဟိန်း (ရွှေမဟာ)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မစောဝတ်မှုန်၊ သတို့သားအရံများဖြစ်ကြသော မောင်သာလှနှင့် မောင်ဇော် မြတ်ထွန်း၊ သတို့သမီးအရံများဖြစ်ကြသော မဗိုလ်နှင့်မသက်သက်ဝင်းတို့အားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာ ညစ်ခံပွဲတွင် အဘက်ဘက်မှ ကူညီပေးသော မိတ်ဆွေသင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထင်ဦးမောင်–မအိဖြူဖြူခိုင်**

# မွေးနေ့ဆုတောင်း

သား သမီးတို့ရဲ့ လိုအင်ဆန္ဒတွေကို အမြဲဖြည့်ဆည်းပေးတဲ့ ချစ်မေမေ **ဒေါက်တာကြည်ကြည်ဝင်း**ရဲ့ ၂၆–၁၁–၂၀၀၆ ရက်နေ့မွေးနေ့မှ သည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် အမေချစ်တဲ့၊ အမေ့ကိုချစ်တဲ့ ဒီမိသားစုနဲ့အတူ ထာဝရပျော်ရွှင်နိုင်ပါစေ။

**ချစ်ခင်ပွန်း** – **ဒေါက်တာဦးမြင့်ရွှေ**
**(မေခလာအထူးကုဆေးခန်း)**

**ချစ်သားသမီးများ**

| | | |
|---|---|---|
| **မကလျာမြင့်** | – | BBA (Hotel Management)/ ABAC (Resident Manager/Bagan Golf Resort) |
| **မဇာဖြူမြင့်** | – | B.E (T.E)/ABAC |
| **မဥမ္မာမြင့်** | – | B.Tech (E.P) |
| **မောင်ပြေဖြိုးမြင့်** | – | B.Sc (Physics) |
| **မောင်ဇေဖြိုးမြင့်** | – | 3rd M.B |

# မြန်မာစာဘွဲ့ရ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် (၇၀–၇၁)မြန်မာစာဘွဲ့ရ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၀ ရက် (တနင်္ဂနွေ)နေ့ နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်ရိပ်သာလမ်း၊တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမောင်မောင်ကြည် ဖုန်း–၂၂၂၄၆၄၊ ၀၉–၅၁–၀၈၉၈၆၊ ဦးအောင်စိုးဦး ဖုန်း–၂၂၃၃၆၃၊ ဒေါ်သန္တာခင် ဖုန်း–၅၅၉၁၄၇၊ ၀၉–၈၀၂၄၂၇၉ နှင့် ဒေါ်ခင်ဝင်းရီ ဖုန်း–၃၈၄၈၇၀ ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

# အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ လပွတ္တာမြို့ မြတ်ဆရာပူဇော်ပွဲ

လပွတ္တာမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၅၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်ကာလအတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစား ကျောင်းအုပ်ဆရာကြီးများ၊ အငြိမ်းစား ဆရာ/ဆရာမများနှင့် အသက်(၇၀)နှစ်နှင့်အထက် မူလတန်းကျောင်းအုပ်ဆရာကြီးများအား မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအားလုံး တက်ရောက်နိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။ ကန်တော့ပစ္စည်းနှင့် ငွေများကိုလည်း ဆက်သွယ်ပေးပို့နိုင်ပါသည်။

| | |
|---|---|
| **ကျင်းပမည့်နေ့ရက်** | **–၂၁–၁–၂၀၀၇ (တနင်္ဂနွေနေ့)** |
| **ကျင်းပမည့်အချိန်** | **–မွန်းလွဲ(၁)နာရီ** |
| **ကျင်းပမည့်နေရာ** | **–အထက (၁)၊ လပွတ္တာ** |

**ဆရာ/ဆရာမခင်ဗျား–**

၁၉၅၀ မှ ၁၉၈၅ ခုနှစ်ကာလအတွင်း လပွတ္တာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစား ကျောင်းအုပ်ဆရာကြီးများ၊ အငြိမ်းစား ဆရာ/ဆရာမများ၏ နေရပ်လိပ်စာသိရှိရန် အခက်အခဲရှိပါသဖြင့် ကျင်းပရေးကော်မတီသို့ ၂၀–၁၂–၂၀၀၆ ရက်အမီ ပြန်လည်ဆက်သွယ်ပေးပါရန်နှင့် ဖိတ်စာမရရှိပါကလည်း ၂၀–၁–၂၀၀၇ စနေနေ့အရောက် လပွတ္တာ အထက(၁)သို့ ကန်တော့ခံ ကြွရောက်ပါရန် ပန်ကြားအပ်ပါသည်။

*** ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်နိုင်ပါသည်။**

| | |
|---|---|
| ၁။ ဦးလှသိန်း | (၀၄၂–၈၀၄၉၁/၈၀၄၉၂) |
| ၂။ ဦးတင်ဝင်း | (၀၄၂–၈၀၃၈၀) |
| ၃။ ဦးသိန်းငွေ | (၀၄၂–၈၀၄၂၁) |
| ၄။ ဦးခင်မောင်လေး(ဝါဝါး) | (၀၉၅–၁၅၅၃၉၉) |
| ၅။ Dr. ဦးထွန်းထွန်းလှိုင် | (၀၉၅–၁၅၄၇၈၇) |
| ၆။ ဦးတင်လတ် (လပွတ္တာမြို့နယ်အသင်းတိုက်) | (၀၁–၂၂၂၀၈၈) |

**ကျင်းပရေးကော်မတီ**

# ရခိုင်သဟာယအသင်း ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရခိုင် သဟာယအသင်း (ရန်ကုန်)ပညာသင်ဆု၊ ငွေရတုအထိမ်းအမှတ် အလှူရှင်များအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် ဗဟန်းမြို့နယ် M-3 Food Center ၌ ကျင်းပရာ အသင်းနာယကများ၊ အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြပြီး အလှူရှင် ၁၅၀ တို့အား မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပေးအပ်၍ ညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံ ခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဧအးသာယာမိုင်းတုံ စက်မှုကုမ္ပဏီလီမိတက်
၂၆-၁၁-၂၀၀၆ ရုံးချုပ် ရုံးခန်းသစ်ပြောင်းရွှေ့ခြင်းအထိမ်းအမှတ်
မိုင်းတုံ ရှမ်းစတားဂျစ် အထူး(အထူး) နှုန်းဖြင့်ရောင်းမည်



E-mail : ssmaitong@myanmar.com.mm . Internet. Web:http://www.ssmaitong.com

NAING Group Home Decoration Center
5% Discount
No(117-127), 33rd Street (middle), Kyauktada Tsp, Yangon.
Ph : 951-248082, 375491, 381707, 383658 Fax : 373759
No(1/68), Bo Tauk Htain Street, Near Myo Ma Bazaar, Pyin Ma Na. Ph: 067-21454

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆဒုံးမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား တွေ့ဆုံ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ဆောင်ရွက်ရန် မှာကြား

နေပြည်တော်　　နိုဝင်ဘာ　　၂၅

**ကချင်ပြည်နယ် ဆဒုံးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းနာရီခွဲတွင် လုထောင်ကျေးရွာ–စကားပါကျေးရွာ–ဆဒုံးလမ်းဆုံသို့ရောက်ရှိပြီး လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စကားပါကျေးရွာရှိ စကားပါချောင်းပေါ်၌ တည်ဆောက်၍ ဆဒုံးမြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသော တစ်လုံးလျှင် ကေဗွီ ၂၀၀ ဖြင့် ရေအားလျှပ်စစ်စက်နှစ်လုံး တပ်ဆင်ထားသည့် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြ၍ ဖိအားမြှင့်ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စကားပါကျေးရွာရှိ စပါးစိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လုထောင်ကျေးရွာသို့ ရောက်ရှိကြပြီး စပါးစိုက်ခင်းများနှင့် ဆဒုံးမြို့သစ်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ် ယာယီစုပေါင်းရုံးသို့ရောက်ရှိကြ၍ ဌာနဆိုင်ရာများ ရုံးခန်းဖွင့်လှစ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် နန့်လောချောင်း တံတားသစ်နှင့် လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ယနေ့ မိုးလေဝသ**

**၂၆–၁၁–၂၀၀၆**

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# နှစ်ရှည်ပင် ရော်ဘာ၊ လက်ဖက်နှင့် အထူးသီးနှံ ခြံစည်းရိုးကြက်ဆူတို့ကို နိုင်ငံတော်က လျာထားသတ်မှတ်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးရန်လို ဒေသတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍမြှင့်မားရေး ဝိုင်းဝန်းကြိုးပမ်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖြတ်မြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နေပြည်တော်　　နိုဝင်ဘာ　　၂၅

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဘုရင့်နောင်ခန်းမ၌ မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

ရှေးဦးစွာ မိုင်းဖြတ်ခရိုင်၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မိုင်းဖြတ်ခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ပြည်နယ်၏ စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားရေးကို အထောက်အကူပြုလျက်ရှိသည့် အားထားရသော ဒေသပင်ဖြစ်ကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁**